ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၅.၄၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ၁၅-၈-၂၀၁၆ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါ တယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ အစည်းအဝေး တက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ရေဘေး ကယ်ဆယ်ရေးကိစ္စ ဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ရေဘေး ကယ်ဆယ်ရေးကိစ္စ ဆောင်ရွက်ရန်။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)၊ ရေဘေးကယ်ဆယ်ရေး ကိစ္စဆောင်ရွက်ရန်။ ဗိုလ်မှူးနေအောင်ဦး၊ တပ်မတော်သား ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန် ထမ်းဆောင်ရန်။ ဗိုလ်မှူးမျိုးမောင်သိန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်နှင့် ဒေါ်ရှီလာနန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၂၀ ရာစု ပင်လုံညီလာခံ အကြိုညှိနှိုင်း ဆွေးနွေးပွဲတက်ရောက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁)ဦးရှိပြီး၊ ယနေ့ ခွင့်ပန် ကြားသူ(၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း နှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုသူ (၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၀)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ပွင့်လင်းမြင်သာမှု မရှိဘဲ ဆောင်ရွက်လုပ်ကိုင်နေသည့် လုပ်ငန်းများကို တားဆီးပေးပါရန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီအသစ် ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ပွင့်လင်းမြင်သာမှုမရှိဘဲ ဆောင်ရွက်လုပ်ကိုင်နေသည့် လုပ်ငန်းများကို တားဆီးပေးပါရန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအသစ် ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဒေါ်ထုမေ ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြည်ထောင်စု ဝန်ကြီးများနဲ့ ဧည့်သည်တော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခင်အစိုးရလက်ထက်က ဖွဲ့စည်းခဲ့တဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရဲ့ အချိန်တိုအတွင်း ဆုံးဖြတ်ချက်များ အလျင်အမြန်ချမှတ်ပြီး ဆောင်ရွက်နေမှုအား ပြန်လည်သုံးသပ်ရန်နှင့် တားဆီးဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက ဘယ်အချိန်၊ ဘယ်လို စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီးတော့ မေးခွန်းမေးသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ရခိုင်ပြည်နယ်မှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းအတွက် ယခင် နိုင်ငံတော်သမ္မတက ဒီဇင်ဘာလ ၁ ရက်နေ့ ၂၀၁၅ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်နာယကထံ သဝဏ်လွှာပေးပို့ရာမှာ ကျောက်ဖြူအထူးစီးပွားရေးဇုန်အား ရေနက်ဆိပ်ကမ်းစီမံကိန်း၊ စက်မှုဇုန်စီမံကိန်းနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်းများ ထည့်သွင်းပြီး တည်ထောင်သွားရန် ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွက် ရေနက်ဆိပ်ကမ်းစီမံကိန်းအမှတ်(၁)နယ်နိမိတ် (၃၇၀.၆၆)ဧက၊ ရေနက်ဆိပ်ကမ်းစီမံကိန်းအမှတ်(၂)နယ်နိမိတ်(၂၃၇.၂၂)ဧကနဲ့ စက်မှုဇုန်စီမံကိန်း နယ်နိမိတ်အဖြစ် (၂၄၄၆.၀၇)တို့ကို စုစုပေါင်း(၄၂၈၉.၃၂)ဧကကို နယ်နိမိတ်ဧရိယာအဖြစ် သတ်မှတ်ပြီး အမိန့်ကြေညာစာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပေးပို့ခဲ့ပါတယ်။

ဒီပေးပို့လွှာနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အကျိုးအကြောင်းပြချက်တွေနဲ့ဖော်ပြပြီး စိုးရိမ်ပူပန်မှုတွေကို ဖော်ပြခဲ့ကြပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်ရမယ့်အချိန်ကာလ တိုတောင်းနေတာနဲ့ မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်လာနိုင်တာကြောင့် ဒေသခံတွေက စီမံကိန်းကို လောလောဆယ် မဆောင်ရွက်စေလိုကြောင်းနှင့် နောင်အစိုးရသစ်လက်ထက်ကျမှ ညှိနှိုင်းဆောင်ရွက်လျှင် သင့်တော်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ဒီစီမံကိန်းကော်မတီက ဖွဲ့စည်းပေးခဲ့တဲ့ မိတ်ဖက်အဖွဲ့ပေါင်းစုံ စောင့်ကြည့်လေ့လာရေးအဖွဲ့ အခန်းကဏ္ဍ မှေးမှိန်နေခြင်း၊ စီမံကိန်းဆိုင်ရာအချက်အလက်များကို ဒေသခံများအား ရှင်းလင်းအသိပေးမှုခေါ်တဲ့ ပွင့်လင်းမြင်သာမှုအားနည်းခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ဘက်ပေါင်းစုံ လေ့လာဆန်းစစ်မှုအတွက် သီးခြားလွတ်လပ်တဲ့ နိုင်ငံတကာအဆင့်မီ၊ နိုင်ငံတကာ အသိအမှတ်ပြု အဖွဲ့အစည်းများ ငှားရမ်းတာဝန်ပေးမှုမရှိခြင်း၊ ဇုန်၏အရေးပါလှသည့် ရေနက်ဆိပ်ကမ်းစီမံကိန်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို (၈၅)ရာခိုင်နှုန်းအထိ ခွင့်ပြုနိုင်ရန်အတွက် စီစဉ်နေခြင်း အချက်အလက်များကို ထောက်ပြခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခင် ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့တင်ပြချက်၊ ဒေသခံတိုင်းရင်းသားများ၏ စိုးရိမ်ပူပန်မှုအခြေအနေကို လေ့လာသုံးသပ်ပြီး ပြည်ထောင်စုလွှတ်တော်က ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ထောင်နိုင်ရန်အတွက် နယ်နိမိတ်ဧရိယာအဖြစ် သတ်မှတ်ရန်သာ ပြောဆိုထားပြီး လုပ်ငန်းစဉ် အဆင့်ဆင့်ကို နောင် ပေါ်ပေါက်လာမည့် အစိုးရသစ်လက်ထက်မှသာ ဆောင်ရွက်သွားရန် ဆုံးဖြတ်ပေးခဲ့တယ်လို့ သိရပါတယ်။ ယနေ့အချိန်အခါမှာ ယခင်အစိုးရလက်ထက်က ဖွဲ့စည်းခဲ့တဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဟာ ၎င်းတို့ကိုယ်တိုင်ဖွဲ့စည်းထားတဲ့ ရခိုင်ပြည်နယ်တစ်ဝန်းမှ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များနဲ့ အခြားတိုင်းရင်းသားလုပ်ငန်းရှင်များပါဝင်တဲ့ အများပိုင်ကုမ္ပဏီ(၁၇)ခုနဲ့ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ Business Model အတိုင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့တဲ့ မြန်မာ့ကျောက်ဖြူ အထူးစီးပွားရေးဇုန်ဟိုးလ်ဒင်းအများနဲ့သက်ဆိုင်တဲ့ကုမ္ပဏီ MKSH Consortium နဲ့ MKSH မှ အမေရိကန်ဒေါ်လာ

၆၆၀၀၀ ဖြင့် ခန့်အပ်ခဲ့တဲ့ ပြည်ပအကြံပေးကုမ္ပဏီ Deloitte Consultant Company အား ဝင်ရောက်ဆွေးနွေးခွင့် ၊ တက်ရောက်ခွင့်မပြုခဲ့လို့ Preferred Bidder များနှင့် တွေ့ဆုံဆွေးနွေးခွင့် လုံးဝ မရှိခဲ့ပါ။

အကြံပေးကုမ္ပဏီမှ တောင်းခံထားတဲ့ တွက်ချက်မှုနဲ့ အခြားလိုအပ်ချက် အချက်အလက်များကိုလည်း အချိန်နှင့် တစ်ပြေးညီမပေးခဲ့ပါ။ နည်းမျိုးစုံနှင့်အကြောင်းပြ၍ ရှောင်လွှဲနေကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် ပွင့်လင်းမြင်သာမှုရှိပြီး၊ ရိုးသားမှုရှိကာ ပြည်သူများမှ ယုံကြည်ရသော ပုဂ္ဂိုလ်များ ဦးဆောင်သည့်အဖွဲ့သစ် စနစ်တကျဖွဲ့စည်းပြီးမှသာ ကျန်သည့်လုပ်ဆောင်ရမည့် အဖွဲ့အစည်းများနှင့် Business Model များအား ဆက်လက်ဆောင်ရွက်သွားစေလိုကြောင်း အကြံပြုလိုပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ယခင်အစိုးရလက်ထက် ဖွဲ့စည်းခဲ့တဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ ပွင့်လင်းမြင်သာမှုမရှိဘဲ ဆောင်ရွက်လုပ်ကိုင်နေသည့် လုပ်ငန်းများကို တားဆီးပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက ဘယ်အချိန်မှာ ဘယ်လိုဆောင်ရွက်သွားမယ် အစီအစဉ်နှင့် ယခုအစိုးရလက်ထက်မှာ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသစ်ကိုဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ နဲ့ ရှိပါက ဘယ်အချိန်ကာလမှာ ဘယ်လိုဆောင်ရွက်သွားမယ်ကို သိရှိလိုကြောင်းနှင့်ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ မေးမြန်းသည့် ယခင်အစိုးရလက်ထက်တွင် ဖွဲ့စည်းခဲ့သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ အချိန်တိုအတွင်း ဆုံးဖြတ်ချက်များအလျင်အမြန်ချမှတ်၍ ဆောင်ရွက်နေမှုများအား ပြန်လည်သုံးသပ်ရန်နှင့် တားဆီးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခင်အစိုးရလက်ထက်မှ ယနေ့ အချိန်အထိ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ဆောင်နေမှုများ၊ လက်ရှိအစိုးရ၏ ပြန်လည်သုံးသပ် လုပ်ဆောင်နေမှုများကို အပိုင်း(၂)ပိုင်းခွဲပြီး ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလမှာ စတင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။ ယခုအချိန်အထိ စီမံကိန်းရဲ့ လုပ်ငန်းစဉ်အဆင့်အတိုင်း၊ လုပ်ငန်းတိုင်းအတွက် နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒသဘောထားများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဦးစားပေးရှေးရှု၍ ဆောင်ရွက်ခဲ့သည့် အခြေအနေများကို တင်ပြသွားပါမယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ စိတ်ကူးစီမံချက် (Conceptual Plan) ရေးဆွဲခြင်း၊ အကြံပေးကုမ္ပဏီ (Consulting Firm) ငှားရမ်းရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ ရင်းနှီးတည်ဆောက်သူ (Developers) များအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့်အဆင့်(၄)ဆင့်ဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အဆင့်တစ်ဆင့်ချင်းကို ပွင့်လင်းမြင်သာစွာ စနစ်တကျ အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ပါတယ်။

ပထမအဆင့်ဖြစ်သည့် စိတ်ကူးစီမံချက် (Conceptual Plan) ရေးဆွဲသည့် လုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လအထိ လုပ်ဆောင်ခဲ့ပြီး (Japan Development Institute - JDI) မှပညာရှင်များ၊ ရခိုင်ပြည်နယ် ဒေသခံအများစုပါဝင်တဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်အကြံပေးအဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့ပေါင်းစုံတို့ ပါဝင်သည့်အဖွဲ့များဟာ ကျောက်ဖြူမြို့ကို အကြိမ်ကြိမ်သွားရောက်ကွင်းဆင်းလေ့လာကာ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့မှ ကျရောက်လာနိုင်တဲ့ ထိခိုက်နစ်နာမှုများ၊ အနည်းဆုံးဖြစ်စေသော စိတ်ကူးစီမံချက်(Conceptual Plan)ကို ရေးဆွဲခဲ့ပါတယ်။

ဒုတိယအဆင့်ဖြစ်တဲ့ အကြံပေးကုမ္ပဏီ (Consulting Firm) ငှားရမ်းရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမယ့်လုပ်ငန်းစဉ်ကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ကထုတ်ဝေတဲ့ To Serve and To Preserve စာအုပ်မှာ အကြံပြုထားသည့်အတိုင်း တင်ဒါလုပ်ငန်းစဉ် အဆင့်(၅)ဆင့်နှင့် ဆောင်ရွက်ခဲ့ပါတယ်။ ဒီအဆင့်များကတော့ (က) တင်ဒါအကြိုလုပ်ဆောင်တဲ့ ပထမအဆင့် Prebid၊ (ခ) အများပြည်သူတို့ အကြံပေးကာ တင်ဒါခေါ်ယူသည့် ဒုတိယအဆင့် Public Notice and invitation of Bids၊ (ဂ) တင်ဒါဖွင့်ဖောက်စိစစ်အကဲဖြတ်သည့် တတိယအဆင့် Bid Opening and Evaluation၊ (ဃ) တင်ဒါဆိုင်ရာ စောဒကတက်မှုများအား ဖြေရှင်းသည့်စတုတ္ထအဆင့် Complaints Resolution၊ (င) တင်ဒါရလဒ်ကြေညာ၍ တင်ဒါလုပ်ငန်းစဉ် အဆုံးသတ်ခြင်း ပဉ္စမအဆင့် Contract Award & Conclusion တို့ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စနစ်တကျဖြင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ လုပ်ဆောင်ခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ပထမဦးစွာ ယခင်အစိုးရလက်ထက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီရဲ့ အကြံပေးအဖွဲ့ဝင်များနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ဒေသခံအများစုပါဝင်သည့် လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ရေးရာနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာတို့တွင် တတ်သိနားလည်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သော တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (Bid Evaluation and Awarding Committee - BEAC)ကို နိုင်ငံတော်သမ္မတရုံးရဲ့ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်ခဲ့ပါတယ်။ ရင်းနှီးတည်ဆောက်သူ (Developer)ခေါ်ယူရေးအတွက် (BEAC)ကိုအကြံပေး

ဝန်ဆောင်မှုပြုမယ့် CPG Consultants Ltd ဦးဆောင်တဲ့အကြံပေးကုမ္ပဏီအုပ်စု Consortium ကိုလည်း နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ အဆင့်ဆင့်စိစစ် ရွေးချယ်ခဲ့ပါတယ်။

တတိယအဆင့် ဖြစ်တဲ့ ရင်းနှီးတည်ဆောက်သူ (Developers)များကို အိတ်ဖွင့်တင်ဒါခေါ်ယူတဲ့ လုပ်ငန်းစဉ်ကို ရွေးချယ်ငှားရမ်းတဲ့ အကြံပေးကုမ္ပဏီအုပ်စုရဲ့ အကူအညီဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လမှ စပြီးလုပ်ဆောင်ခဲ့ရာ (Expression of Interest - EOI)တင်သွင်းတဲ့ ကုမ္ပဏီများအနက် စီးပွားရေး လုပ်ငန်းဆိုင်ရာ ငွေကြေးတောင့်တင်းခိုင်မာမှု Financial Strength and Financial Soundness လုပ်ငန်းအတွေ့အကြုံ Track Record များကို စိစစ်သုံးသပ်၍ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအကုန်တွင် တင်ဒါရလဒ်ကိုကြေညာခဲ့ပြီး စက်မှုဇုန်စီမံကိန်းနှင့် ရေနက်ဆိပ်ကမ်း စီမံကိန်းတို့အတွက် တင်ဒါ အောင်မြင်တဲ့ Multi National Corporations များဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတကာကုမ္ပဏီအုပ်စုအဖွဲ့များကို Tender Award လုပ်ခဲ့ပြီးဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်ဖြူအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန်ရဲ့ တရားဝင်အင်တာနက်စာမျက်အဖြစ် www. kpsez .org ကို လွှင့်တင်ကာ အချိန်မရွေး ဝင်ရောက်ဖတ်ရှုနိုင်ရန် စီမံထားရှိခြင်း၊ ပြည်တွင်းပြည်ပ စာနယ်ဇင်းများတွင် ဆောင်းပါးများ၊ သတင်းများ၊ တွေ့ဆုံမေးမြန်းခန်းများမှတစ်ဆင့် အများပြည်သူသို့ အသိပေးတင်ပြခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား ပြည်ထောင်စုလွှတ်တော်မှာ(၂)ကြိမ်၊ ရခိုင်ပြည်နယ်အစိုးရနှင့် ရခိုင်ပြည်နယ်လွှတ်တော်မှာ (၂)ကြိမ် ဆွေးနွေးတင်ပြခဲ့ခြင်း၊ ကျောက်ဖြူဒေသသို့ အကြိမ်ပေါင်း (၃၀)ကျော် သွားရောက်ကွင်းဆင်းပြီး ဒေသခံလူထုအသီးသီးနှင့် အသိပေးဆွေးနွေး တိုင်ပင်ခြင်း၊ မိတ်ဖက်အဖွဲ့ပေါင်းစုံနှင့် ဆွေးနွေးတိုင်ပင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တွင် (၂)ကြိမ်ပြုလုပ်ခဲ့ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် သီးခြားစီ ဆွေးနွေးတိုင်ပင်မှု အကြိမ်ပေါင်း (၁၀၀)ကျော် ဆောင်ရွက်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ထို့အပြင် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းကို သရုပ်ဖော်ထားသည့် ရုပ်သံထုတ်လွှင့်ချက် အစီအစဉ်ကိုလည်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်မှ ၂၄ ရက်အထိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) အစီအစဉ်မှာ ည(၈း၀၀)နာရီ သတင်းအပြီးမှာ နေ့စဉ်ထုတ်လွှင့်ပြသခဲ့ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ တွက်ချက် စီမံထားမှုအနေဖြင့် ဒေသတစ်ခုလုံးလွှမ်းခြုံတဲ့ ပင်မစီမံချက် (Regional Master Plan)ရေးဆွဲခြင်းလုပ်ငန်းစဉ်မှာ စီမံကိန်းမြေနေရာများ လျာထားသတ်မှတ်ရာမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန်အတွက်ကိုလည်း ထည့်သွင်းတွက်ချက် ဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာလက်ရှိ အကောင်အထည်ဖော်လျက်ရှိတဲ့ အထူးစီးပွားရေးဇုန် (၃)ခုတို့ဟာ တည်နေရာမတူညီတဲ့အတွက်ကြောင့် တစ်ခုချင်းစီမှာ ရှိတဲ့ အားသာချက်၊ အားနည်းချက်များ၊ အခွင့်အလမ်းများ၊ ခြိမ်းခြောက်မှုများဟာ ဇုန်တစ်ခုနှင့်တစ်ခု မတူညီပါ။ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ တည်နေရာအနေအထားအရ အခြားစီးပွားရေးဇုန်နှင့် မတူဘဲ တင်ဒါစနစ်ဖြင့် နိုင်ငံတကာမှ ရင်းနှီးတည်ဆောက်သူ (Developers)များ ဖိတ်ခေါ်ကာ (Public, Private,

Partnership - PPP)ပုံစံဖြင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။ စီမံကိန်းအောင်မြင်ပြီး မိမိနိုင်ငံအတွက်လည်း အကျိုးရှိ တွက်ခြေကိုက်နိုင်မည့် ရာခိုင်နှုန်းအချိုးအစားနှင့်ပတ်သက်၍ စက်မှုဇုန်နှင့် အိမ်ရာစီမံကိန်းများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၅၁)ရာခိုင်နှုန်းနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု (၄၉) ရာခိုင်နှုန်းဟု သတ်မှတ်ခဲ့ပါတယ်။

ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် တင်ဒါတန်ဖိုး သတ်မှတ်တိုင်းတာမှု လွယ်ကူစေရန် ဈေးကွက်အနေအထားနှင့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ တို့အရ မည်သူမဆို (၁၀၀)ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုပေးထားခဲ့သော်လည်း တင်ဒါ စည်းမျဉ်း၊ စည်းကမ်းတွင် တင်ဒါအဆိုပြုသူဘက်မှ အများဆုံး(၈၅)ရာခိုင်နှုန်းအထိ အဆိုပြု တင်သွင်းနိုင်ကြောင်းနှင့် မြန်မာဘက်မှ အနည်းဆုံး (၁၅)ရာခိုင်နှုန်း ထည့်ဝင်နိုင်ကြောင်းတို့ကို ဖော်ပြထားပါတယ်။ ယင်းအချိုးအစားဟာ နိုင်ငံတကာဈေးကွက်အခြေအနေအရ အခြေခံအဆောက်အဦများ လွန်စွာနည်းပါးတဲ့ Green Field ဆိပ်ကမ်းစီမံကိန်းများအတွက် အကြမ်းဖျင်းလျာထားတဲ့ Flexible ဖြစ်တဲ့ အချိုးအစား ဖြစ်ပါတယ်။ တင်ဒါစည်းကမ်းများ Request for Proposal အခန်း (၄.၂)မှာ ထည့်သွင်းဖော်ပြခဲ့တဲ့ အစုရှယ်ယာပိုင်ဆိုင်မှုအချိုးအစား ဖြစ်ပါတယ်။ ဒီအချိုးအစား သတ်မှတ်မှုကို သင့်လျော်သော ကာလအပိုင်းအခြားဥပမာ (၅)နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်နိုင်ပါတယ်။ အစုရှယ်ယာများ လွှဲပြောင်း ရောင်းချမှုနှင့်ပတ်သက်၍ မိမိဘက်သို့ ဦးစားပေးလွှဲပြောင်းရောင်းချပေးရမည့် First Right of Refusal စတဲ့နိုင်ငံတကာ ငွေကြေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်း ထည့်သွင်းချုပ်ဆိုရမည်ဖြစ်ကြောင်းကိုလည်း တင်ဒါ စည်းမျဉ်းစည်းကမ်းမှာ အတိအလင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။

အပြီးသတ် ရာခိုင်နှုန်းအချိုးအစား သတ်မှတ်မှုကို လက်ရှိနိုင်ငံတော်အစိုးရရဲ့ မူဝါဒနှင့်အညီဖြစ်စေရန် စာချုပ်စာတမ်းများ ချုပ်ဆိုသည့်အခါမှာ နှစ်ဖက်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စီးပွားရေးပုံစံ Business Model နှင့် ပတ်သက်ပြီးတော့ စီမံကိန်းအမျိုးအစားအလိုက် အောင်မြင်အကျိုးရှိနိုင်တဲ့ Model ကို ချမှတ်ဆောင်ရွက်ရခြင်း ဖြစ်ရာ စီမံကိန်းသဘောသဘာဝ အမျိုးအစားတူတဲ့ ကျောက်ဖြူ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်စီမံကိန်းနှင့် သီလဝါ အထူးစီးပွားရေးဇုန်၏ စက်မှုဇုန်စီမံကိန်းတို့မှာ (Design, Build ,Finance and Lease - DBFL) စီးပွားရေးပုံစံကို အသုံးပြုခဲ့ပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ရေနက်စီမံကိန်းကိုမူ စီမံကိန်းသဘောသဘာဝချင်း မတူသဖြင့် (Design ,Build ,Finance,Operate and Transfer - DBFOT) စီးပွားရေးပုံစံကို အသုံးပြုခဲ့ရခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခင်အစိုးရလက်ထက်တွင် ဖွဲ့စည်းခဲ့သော စီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ ဗဟိုလုပ်ငန်းအဖွဲ့ စီမံခန့်ခွဲမှုကော်မတီများ ပြန်လည်ဖွဲ့စည်းရေးနှင့် တာဝန်ခံဝန်ကြီးဌာန (Focal Ministry)သတ်မှတ်ပေးရေးအတွက် ၃-၆-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ အမှတ်စဉ် ၄/ ၂၀၁၆ အစည်းအဝေးသို့ တင်ပြခဲ့ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာနအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။

အထူးစီးပွားရေးဇုန်များနဲ့ပတ်သက်သည့် ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့တွေကို နိုင်ငံတော်သမ္မတရုံး၏ ၁၂-၈-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၆ ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါတယ်။ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းရေးကိစ္စကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးသို့ မေးမြန်းစုံစမ်းချက်အရ လက်ရှိအစိုးရလက်ထက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများ ပြန်လည်ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်နေစဥ်ကာလအတွင်း မြေပြင်မှာ လုပ်ငန်းဆောင်ရွက်နေခြင်း မရှိကြောင်း သိရှိရပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန် လုပ်ငန်းများကို နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်များ လက်ရှိအစိုးရရဲ့ စီးပွားရေးမူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်း လာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စုရှိ နမ့်ခင်ချောင်းကူး လာမိုင်းဝါးတံတားကို ခိုင်ခံ့ကောင်းမွန်သည့် တံတားတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်က ကျိုင်းတုံမြို့နယ်၊ ကတ်တောင် ကျေးရွာအုပ်စုရှိ နမ့်ခင်ချောင်းကူး လာမိုင်းဝါးတံတားကို ခိုင်ခံ့ကောင်းမွန်သည့် တံတားတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပထမအကြိမ်အမျိုးသားလွှတ်တော်တွင် အစိုးရရဲ့ ကတိကဝတ်ဖြစ်သည့် ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု၊ နမ့်ခင်ချောင်းကူး လာမိုင်းဝါးတံတားကို ခိုင်ခံ့ကောင်းမွန်တဲ့ တံတားတစ်ခု ပြင်ဆင်တည်ဆောက်ပေးပါရန် အစီအစဥ်နှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ အချိန်မလောက်ပါက အချိန် (၂)မိနစ်ခန့် တိုးပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌခင်ဗျား။ လာမိုင်းဝါးတံတားဟာ ကတ်တောင်အုပ်စု အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းကို ဆက်သွယ်ပေးတဲ့ တစ်ခုတည်းသောတံတား ဖြစ်ပါတယ်။ ကတ်တောင်အုပ်စုအရှေ့ဘက်ခြမ်းရှိ တောင်ပေါ်မှ ရွာငယ် (၁၀)ရွာ အိမ်ခြေ (၂၄၀) လူဦးရေ (၁၅၀၀)မှ အသုံးပြုနေတဲ့ တံတား ဖြစ်ပါတယ်။ ရွာလူထုများရဲ့ လိုအပ်ချက်ကြောင့်မိမိကိုယ်တိုင် ကိုယ်ထူကိုယ်ထ ဝါးဖြင့်သာ ပြုလုပ်ထားတဲ့တံတား ဖြစ်ပါတယ်။ ဒါကြောင့် ခိုင်ခံ့မှုမရှိဘဲ ရေစီးကလည်း သန်သဖြင့် တစ်ခါတစ်ရံ တံတားရေစီးနှင့် မျှောပါသွားတတ်ပါတယ်။ ချောင်းရဲ့ အရှေ့ဘက်ကမ်းမှာရှိတဲ့ ရွာလူထု ကတော့ ရပ်ရေးရွာရေးကအစ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအားလုံး ချောင်းအနောက်ဘက်ကမ်း ကိုသာ အမှီပြုနေရပါတယ်။ အန္တရာယ်ရှိနေပေမယ့်လည်း ဒီတံတားတစ်ခုကိုပဲ အားကိုးပြီး သွားလာ နေရပါတယ်။ ကျောင်းသားလူငယ်မှအစအားလုံး ဒီတံတားပေါ်က ဖြတ်သန်းနေရပါတယ်။

ဒါကြောင့်ခိုင်ခံ့တဲ့တံတားတစ်ခု တည်ဆောက်ပေးနိုင်ပါရန်ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် အစည်းအဝေး ၁၉-၁-၂၀၁၅ နေ့မှာ ကျွန်တော် မေးခွန်းတင်ပြ မေးမြန်းခဲ့ပါတယ် ခင်ဗျား။ ဝန်ကြီးဌာနကိုယ်စား သမ္မတရုံးဒုတိယဝန်ကြီးမှ လက်ရှိဝါးတံတားအစား ရေရှည်တည်တံ့ ခိုင်မြဲပြီး ဘေးကင်းစွာ အသုံးပြုနိုင်ရန်အတွက် (၂၅၀ x ၁၄ x ၁၅)ပေ ကွန်ကရစ်တံတား (၁)စင်း တည်ဆောက်ပေးရန် ဖြေကြားခဲ့ပါတယ်။ (၂၅၀)ပေ ရှည်တဲ့ ကွန်ကရစ်တံတားကို တည်ဆောက်မည် ဆိုလျှင် ကုန်ကျစရိတ် ခန့်မှန်းခြေ (၂၅၀)ကျပ်သန်း ကုန်ကျမည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တင်ပြနိုင်ခဲ့ခြင်း မရှိသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နှင့် ခွင့်ပြုရန်ပုံငွေ ရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြပြီး ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ကာ သတ်မှတ်တံတား အမျိုးအစားကို အကောင်အထည်ဖော် ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ဖြေကြားထားပါတယ်ခင်ဗျား။ ဒါပေမယ့်လည်း ၂၀၁၆-၂၀၁၇ နှစ်မှာလည်း ရန်ပုံငွေ ထည့်သွင်းမပေးဘဲ အစိုးရကတိကဝတ်မှ ပယ်ဖျက်ပေးပါရန် ပြန်လည်အကြောင်း ကြားလာပါတယ်။ ပြည်သူလူထုကတော့ အစိုးရထံမှ ကတိကဝတ် ရပြီးသားဖြစ်၍ တံတားအသစ်ကို မျှော်လင့်နေပါတယ် ခင်ဗျား။ သို့ပါ၍ ဝါးတံတားအစား ခိုင်ခံ့ကောင်းမွန်သည့် တံတားတစ်ခု တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ စိုက်ပျိုး

မွေးမြူရေးနှင့်  ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေကြားဖို့ ရောက်လာတဲ့ ဒေါက်တာထွန်းဝင်း ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်ကြီး ဒေါက်တာ စိုင်းဆိုင်ကျော်ဆမ် မှ ယခုလို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာ ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီးတော့ မေးမြန်းတဲ့မေးခွန်းအတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း ဦးစွာတင်ပြ လိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်၊ ကတ်တောင် အုပ်စုရှိ နမ့်ခင်ချောင်းကူး၊ လာမိုင်းတံတားရဲ့ လက်ရှိအခြေအနေမှာ အရှည်(၂၅၀)ပေရှိ ယာယီ ပြုလုပ်ထားသော ဝါးတံတား ဖြစ်ပါတယ်။

အဆိုပါဝါးတံတားအား အရှည် ( ၂၅၀ x ၁၄ x ၁၅) ပေ ကွန်ကရစ်တံတား တည်ဆောက် ပါက ငွေကျပ် (၃၇၅)သန်း၊ ချဉ်းကပ်လမ်းနှစ်ဖက် အရှည်(၅၀)ပေအား (၁၈)ပေအကျယ် မြေသားလမ်း ဆောင်ရွက်ပါက ငွေကျပ် (၁)သန်းစုစုပေါင်း ငွေကျပ် (၃၇၆)သန်းခန့် ကုန်ကျမည်ဖြစ်ပြီး အိမ်ခြေ (၂၅၃)၊ လူဦးရေ (၁၅၇၈)ဦးတို့အား အကျိုးပြုပါမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဘတ်ဂျက် လျာထားဆောင်ရွက်ရာမှာ ပြည်နယ်/ တိုင်းဒေသကြီးများအတွင်းရှိ လူဦးရေ အချိုးအစား များအရ လျာထားသည့်အပြင် ပြည်နယ်/ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ အားလုံးကိုလည်း ပါဝင်လျာထားရပါတယ်။

ထို့အပြင် ကျေးရွာများ၏ လိုအပ်ချက်ကိုလည်း မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/ တိုင်းဒေသကြီး များမှတစ်ဆင့် ထောက်ခံတင်ပြလာမှုများအပေါ်မှာလည်း ဦးစားပေး အစီအစဉ်အတိုင်း ရွေးချယ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ရှမ်းပြည်နယ်တစ်ခုလုံးအတွက် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်အားဖြင့် (၇၈၂၀.၂၈၁)သန်းဖြင့် လမ်းတံတားများကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ကျိုင်းတုံမြို့နယ် တစ်ခုလုံး အတွက်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ခွင့်ပြု ရန်ပုံငွေကျပ်အားဖြင့် (၁၇၇.၂၄)သန်းဖြင့် လမ်းတံတားများကို ဆောင်ရွက်လျက် ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီး တောင်းဆိုတဲ့ ကွန်ကရစ်လမ်းတံတားဟာ (၃၇၆)သန်းအထိ ကျွန်တော်တို့ ကုန်ကျမှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ကတ်တောင်အုပ်စုရှိ နမ့်ခင်ချောင်းကူး၊ လာမိုင်းကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခဲ့ခြင်း မရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ဦးစားပေး အတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများသည် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင် သစ်တောကြီးကို ရေရှည်တည်တံ့ ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် သဘာဝနယ်မြေအဖြစ် သတ်မှတ်အကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း က စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင် သစ်တောကြီးကို ရေရှည်တည်တံ့ ကာကွယ် ထိန်းသိမ်းနိုင်ရန်အတွက် သဘာဝနယ်မြေအဖြစ် သတ်မှတ်အကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ကိုယ်စားလှယ်များ ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင်သစ်တောကြီးအား ရေရှည်တည်တံ့နိုင်ရန်နှင့် ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် သဘာဝနယ်မြေအဖြစ် သတ်မှတ်အကောင်အထည်ဖော်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင် သစ်တောကြီးဟာ သဘာဝအပင်များ ပေါက်ရောက်လျက်ရှိပြီး နက်ရှိုင်းလှသည့် နဂိုရည် ပျက်စီးယိုယွင်းခြင်း မရှိသေးတဲ့ သဘာဝသစ်တောကြီး ဖြစ်ပါတယ်။ သဘာဝတောရိုင်းတိရစ္ဆာန်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သစ်တောသယံဇာတများ အလွန်ပေါကြွယ်ဝပြီး အောက်ချင်းငှက်များပင် ကျက်စား နေထိုင်တာကိုတွေ့ရပါတယ်။ ထူးခြားချက်မှာ ဇလုံတောင်စေတီတော်ဘုရားဟာ ရှေးဟောင်းသမိုင်းဝင် စေတီတော်ဖြစ်ပြီး အလွန်တန်ခိုးကြီးသော ဘုရားတစ်ဆူ ဖြစ်ပါတယ်။ ဒုတိယကျိုက်ထီးရိုးဘုရား ဟုပင် တင်စားခေါ်ဝေါ်ကြပါတယ်။ ဇလုံတောင်စေတီတော် ဘုရားကြောင့်လည်းကောင်း၊ နက်ရှိုင်းလှသည့် ဇလုံတောင် သစ်တောကြီးကြောင့်လည်းကောင်း သဘာဝတောတောင် အလှအပများကို ခံစားရင်း နေ့စဉ် ဘုရားဖူးများ ရာဂဏန်းမျှ လာရောက်လည်ပတ်နေကြပါတယ်။ ယခုအခါမှာ ကမ္ဘာလှည့် ခရီးသွား လုပ်ငန်းတိုးတက်မှုကြောင့် နေ့စဉ် ကမ္ဘာလှည့်ခရီးသွားများပင် လာရောက်လည်ပတ်နေကြပြီဖြစ် ပါတယ်။ Eco- Tourism ခရီးသွားလုပ်ငန်း လုပ်ဆောင်ရန် အခွင့်အလမ်း ကောင်းသည့်နေရာလည်း

ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု ရာသီဥတုဖြစ်စဉ် ပြောင်းလဲမှုဖြစ်စဉ် လွန်ကဲမှုတို့ကြောင့် ကျွန်တော်တို့နိုင်ငံဟာ အပူချိန်လွန်ကဲမှု၊ ရေကြီးရေလျှံမှု၊ ရေရှားပါး ပြတ်လပ်မှုတို့ကို ခံစားနေရပါတယ်။

သို့ပါ၍ ရာသီဥတုကောင်းမွန်အောင် ထိန်းညှိနိုင်ရန်အတွက် ကျန်ရှိသော အဖိုးတန် သစ်တောကြီးများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အထူး လိုအပ်လှပါတယ်။ တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေတွင်လည်း သဘာဝ နယ်မြေဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ သက်ရှိ၊ သက်မဲ့ ဖွဲ့စည်းမှုများ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထား တည်ရှိသည့် ဒေသများကို အရှည်တည်တံ့ရေးအတွက် ကာကွယ် ထိန်းသိမ်းနိုင်ရန်အလို့ငှာ ဤဥပဒေအရ သတ်မှတ်သည့်နယ်မြေကို ဆိုလိုသည်ဟု ပြဋ္ဌာန်းပါရှိ ပါတယ်။ သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင် သစ်တောကြီးအား ရေရှည်တည်တံ့နိုင်ရန်နှင့် ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် သဘာဝနယ်မြေအဖြစ် သတ်မှတ် အကောင်အထည်ဖော်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဇလုံတောင်နှင့် သဘာဝသစ်တောကြီး မြင်ကွင်းပုံ (ပ)



ဇလုံတောင်နှင့် သဘာဝသစ်တောကြီး မြင်ကွင်းပုံ (ပ-၁)



ဇလုံတောင်နှင့် သဘာဝသစ်တောကြီး မြင်ကွင်းပုံ (ပ-၂)



**နိုင်ငံတော်ပိုင် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းကို ယခုအစိုးရ လက်ထက်တွင် ခွင့်ပြု/မပြု သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က နိုင်ငံတော်ပိုင် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိက

သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းကို ယခုအစိုးရလက်ထက်တွင် ခွင့်ပြု/မပြု သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ နှင့် ကြွရောက်လာကြသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ နိုင်ငံတော်ပိုင် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်း ယခုအစိုးရလက်ထက်တွင် ခွင့်ပြု/မပြု နှင့် စပ်လျဉ်းသည့်ကိစ္စပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အစိုးရကာလ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲခွင့်ရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများကို ဧရိယာ (၁၀၀၀)ဧကနှင့်အထက် လုပ်ကွက်များ သတ်မှတ်၍ တိုင်းဒေသကြီး/ ပြည်နယ်(၈)ခုရှိ သစ်တောမြေ (၂၅၅,၅၅၅)ဧက၊ လုပ်ကွက် (၉၇)ကွက်တို့ကို အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ် (၆)ခုရှိ သစ်တောမြေ (၈၇၀၇၉)ဧက လုပ်ကွက်(၃၅)ကွက်အား လုပ်ငန်းရှင် (၁၉)ဦးတို့မှ တင်ဒါ အောင်မြင့်ခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနရဲ့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ သိရှိရပါတယ်။

ထိုသို့ လုပ်ကိုင်ခွင့်ပေးရာတွင် လုပ်ငန်းဆောင်ရွက်သူများက သစ်တောမြေအား ဦးစွာ ပထမ ခုတ်ထွင်ရှင်းလင်းရသောကြောင့် အင်၊ ကညင်နှင့် အခြားသစ်များကို အပြောင် ရှင်းလေ့ရှိပါသဖြင့် နဂိုရှိပြီးသား သဘာဝသစ်တောများ ဧကပေါင်း သောင်းနှင့်ချီ ဆုံးရှုံးပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာနေရပါတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုဧရိယာဟာ တစ်နှစ်ထက် တစ်နှစ် ပိုမိုလျော့နည်းလာတာကို ပညာရှင်များ လေ့လာသုံးသပ်တွေ့ရှိထားပြီးလည်း ဖြစ်ပါတယ်။ သစ်တောဟာ ရာသီဥတု ပြောင်းလဲမှုနှင့် ဆက်စပ်နေပါတယ်။ ရာသီဥတုပြောင်းလဲမှုဟာ သဘာဝဘေးအန္တရာယ်နဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝဘေး အန္တရာယ်တွေကို အများဆုံး ရင်ဆိုင်ခံစားရမယ့်နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံလည်း ပါဝင်နေတာမို့ သဘာဝ သစ်တောတွေကို စနစ်တကျ ထိန်းသိမ်းဖို့ အရေးတကြီး လိုအပ်နေချိန် ဖြစ်တယ်လို့ ယူဆမိပါတယ်ခင်ဗျား။ သို့ပါသောကြောင့် အောက်ပါမေးခွန်း(၂)ခုကို မေးမြန်းလိုပါတယ် -

(၁) ယခု အစိုးရလက်ထက်တွင် နိုင်ငံတော်ပိုင်ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်း ဆက်လက် ခွင့်ပြု/မပြု သိရှိလိုပါကြောင်းနှင့်၊

(၂) ယခင် အစိုးရလက်ထက်က တင်ဒါအောင်မြင်ထားပြီး လုပ်ငန်းစတင်နိုင်ခြင်း မရှိသေးသော လုပ်ကွက်များနှင့် လုပ်ကွက်အစိတ်အပိုင်းများအား မည်သို့စီမံဆောင်ရွက်

မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ကျောက်မျက်ရတနာတူးဖော်ရေး လုပ်ကွက်များတွင် ဥပဒေမဲ့ အုပ်စုဖွဲ့ကျူးကျော်၍ ရေမဆေးကျောက်ရှာဖွေသူများနှင့် ပတ်သက်ပြီး ကုမ္ပဏီလုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို မည်ကဲ့သို့ စီစဥ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ကျောက်မျက်ရတနာတူးဖော်ရေး လုပ်ကွက်များတွင် ဥပဒေမဲ့အုပ်စုဖွဲ့ ကျူးကျော်၍ ရေမဆေးကျောက်ရှာဖွေသူများနှင့် ပတ်သက်ပြီး ကုမ္ပဏီလုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို မည်ကဲ့သို့ စီစဥ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၆-၆-၂၀၁၆ ခုနှစ်၊ MRTV ရဲ့ ပြောကြားချက် ၁၃-၆-၂၀၁၆ ရက်နေ့ ပြည်ထောင်စုဝန်ကြီး ခန္တီးကျောက်မျက်ရတနာနယ်မြေ သွားရောက်စစ်ဆေးစဥ် ပြောကြားချက်နှင့် ကျောက်မျက်လုပ်ငန်းရှင်အချို့ တင်ပြချက်အပေါ် ကျောက်မျက်ရတနာ တူးဖော်ရေး လုပ်ကွက်များတွင် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ကူညီဖြေရှင်းပေးနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရေး လုပ်ငန်းရှင်များအားလုံး ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများမှာ လုပ်ကွက်အတွင်းသို့ ကျူးကျော်ဝင်ရောက်၍ ရေမဆေးကျောက်ရှာဖွေကြသည့် ကိစ္စရပ်များ ဖြစ်ပါတယ်။ ရေမဆေးကျောက်တူးသူများသည် အုပ်စုလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကုမ္ပဏီလုပ်ကွက်များအတွင်းသို့ ကျူးကျော်ဝင်ရောက်လာပြီး မြေစာပုံများကို အလုအယက် ရှာဖွေကြပါသည်။ ဒီနေရာမှာ ကျွန်တော် အနည်းငယ် ရှင်းပြဖို့ လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခန္တီးလုပ်ကွက်မှ ထွက်ရှိသော ကျောက်စိမ်းများသည် အရွယ်အစား သေးငယ်ပါသဖြင့် နွေရာသီတွင် စက်ကြီးများဖြင့် တူးဖော်ပြီး မိမိတို့ ကုမ္ပဏီလုပ်ကွက်များအတွင်း အကာအရံအတွင်း စုပုံထားရှိပြီး မိုးရာသီကာလတွင် တူးဖော်ခြင်းလုပ်ငန်းများကို ရပ်ဆိုင်း၍ ကုမ္ပဏီဝန်ထမ်းများမှ စက်များအသုံးပြုကာ မြေစာပုံများကို ရေဆေးပြီး ကျောက်စိမ်း ရှာဖွေမှု ပြုလုပ်ရပါတယ်။ ဖားကန့်လုပ်ကွက်နှင့် မတူညီကြပါ။။

အချို့ ကျူးကျော်သူများသည် လက်နက်ကိုင်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း အဆင့်အထိ အတင့်ရဲလာကြသဖြင့် ကုမ္ပဏီများမှ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များထံ တင်ပြ၍ လုံခြုံရေးအကူအညီ ရယူနေကြရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီလုပ်ငန်းရှင်များသည် နိုင်ငံတော်သို့ အခွန်ငွေ ပေးသွင်းပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလုပ်ကိုင်ကြသူများ ဖြစ်ပါတယ်။ ရေမဆေးကျောက်

ရှာဖွေသူများကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကိုလည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းနေကြရပါတယ်။ အချို့ကိစ္စရပ်များတွင် လုပ်ငန်းရှင်ရော၊ ရေမဆေးကျောက်ရှာဖွေသူများပါ အသက်အန္တရာယ်နှင့် နီးကပ်လှပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းတစ်ခုခု ချမှတ်ဆောင်ရွက်ပေးသင့်သည်ဟု ထင်ပါတယ်။ ဆင်းရဲနွမ်းပါးသူများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသကဲ့သို့ အခွန်ငွေ ပေးသွင်း၍ တရားဝင် တူးဖော်နေကြသော လုပ်ငန်းရှင်များကိုလည်း ကာကွယ်မှု ပေးသင့်ပါသည်ဟု ယုံကြည် ယူဆမိပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ ကျောက်မျက်ရတနာ တူးဖော်လုပ်ကွက်များတွင် ကုမ္ပဏီလုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရသော ဥပဒေမဲ့ အုပ်စုဖွဲ့ ကျူးကျော်ဝင်ရောက် ရှာဖွေနေကြသော ရေမဆေးကျောက် ရှာဖွေသူများနှင့် ပတ်သက်၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၂။**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ပထမမေးခွန်းနံပါတ်(၁)မှာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်အတွင်းမှာ ရှိတဲ့ ဇလုံတောင် သစ်တောကြီးအား ရေရှည်တည်တံ့နိုင်ရန်နှင့် ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် သဘာဝနယ်မြေအဖြစ် သတ်မှတ်အကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားသွားပါမယ်ခင်ဗျား။

ပထမဆုံးပြန်လည်ဖြေကြားမှာကတော့ ဤကဲ့သို့ အကောင်အထည်ဖော်ရန်အတွက်ကို အစီအစဉ် ရှိပါကြောင်း ကျွန်တော် ဖြေကြားလိုပါတယ်။ Power Point တစ်ချက်ဖွင့်ပေးပါ။ အနည်းငယ်ချဲ့ထွင်ပြောရမယ်ဆိုရင်ဖြင့် ဇလုံတောင်ဒေသဟာ ဗန်းမောက်မြို့ရဲ့ မြောက်ဘက်(၁၂)မိုင်ခန့်အကွာမှာ ရှိပြီးတော့၊ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၁၈/၉၄)နဲ့ ထုတ်ပြန်ကြေညာထားတဲ့ နန့်ခေါင်ဟူး ကြိုးဝိုင်းတောအတွင်းမှာ ကျရောက်နေပါတယ်။ ကြိုးဝိုင်းဧရိယာဟာဖြင့် (၅၃၇၆၀) ဧက ရှိပါတယ်။ အကျယ်အဝန်းက မြောက်ဘက်မှာ နန့်မားကြိုးဝိုင်း၊ ဝေလှစ်(ခေါ်)တဲ့ မော်ပုံအဆိုပြုကြိုးဝိုင်း ကာကွယ်တော၊ အရှေ့ဘက်မှာ ကလပ်ကြိုးဝိုင်း၊ နမ့်ခေါင်ဟူးကြိုးပြင်ကာကွယ်တော၊ တောင်ဘက်မှာ ဗန်းမောက် အပတောနဲ့ အနောက်ဘက်မှာ နန့်ဆောင်ကြိုးဝိုင်း၊ ချောင်းကြီးဖျားကြိုးဝိုင်းတို့နဲ့ ဆက်စပ်လျက်တည်ရှိပါတယ်။

ဇလုံတောင်ကို သဘာဝနယ်မြေအဖြစ် ဖွဲ့စည်းနိုင်ရန်အတွက်၊ သဘာဝနယ်မြေဖွဲ့စည်းမှုဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကိုက်ညီခြင်း ရှိ/မရှိကိုတော့ သစ်တောဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့နဲ့ ၂၀၁၄ ခုနှစ်၊ ဇွန်လအတွင်းမှာ ပဏာမ ကျွန်တော်တို့ ကွင်းဆင်းလေ့လာပြီး ဖြစ်ပါတယ်။ နန့်ခေါင်ဟူးကြိုးဝိုင်းတောနဲ့ ဇလုံတောင်ဒေသဟာ သစ်တောဂေဟစနစ် အလွန်ကောင်းမွန်စွာရှိခြင်း၊ သားငှက်တိရစ္ဆာန်များ၊ သဘာဝနေရင်းဒေသအဖြစ် ကျက်စားမှုရှိခြင်း၊ စိမ့်စမ်းရေတံခွန်များ၊ သဘာဝကျောက်တောင်နှင့် လိုဏ်ဂူများရှိခြင်း၊ မဲဇာမြစ်ရဲ့ ရေဝေရေလဲဒေသဖြစ်ခြင်းတို့ကြောင့် ဂေဟစနစ်၊ သဘာဝပတ်ဝန်းကျင်နဲ့ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့နိုင်ရန်အတွက် ထိန်းသိမ်းရန် ဆောင်ရွက်သင့်တဲ့ နယ်မြေတစ်ခု ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဇလုံတောင်မှာရှိတဲ့ နန့်ခေါင်ဟူး ကြိုးဝိုင်းအတွင်းမှာ ကျွန်တော်တို့မြေအသုံးချမှုကို လေ့လာကြည့်တဲ့အခါမှာ ကျူးကျော်လယ်ယာမြေ၊ ရွာမြေ(၂၉၈)ဧကနဲ့ ယခင် သတ္တုတွင်းဝန်ကြီးဌာန ညှိနိုင်းမှုအရ ရွှေသတ္တုတူးဖော်ခွင့်ပြုထားတဲ့ မြေဧက(၄၀)ပါဝင်ပြီးတော့ ကြိုးဝိုင်းသစ်တော ပတ်ဝန်းကျင်မှာ ကျေးရွာ(၈)ခုက အိမ်ထောင်စုများဟာ သစ်တောသယံဇာတများကို ထုတ်ယူသုံးစွဲမှုအနေနဲ့ အဆိုပါကြိုးဝိုင်းကို အဓိက မှီခိုပြီးတော့ အသုံးပြုလျက်ရှိပါတယ်။ ဇလုံတောင်စေတီဟာ အမြင့်ပေ(၃၀၉၀)မှာ ရှိတဲ့ သလွန်တောင်ပေါ်မှာ တည်ထားပြီးတော့ သာသနာရေးဆိုင်ရာ အဆောက်အဦများဖြစ်ခြင်း၊ နှစ်စဉ် ဘုရားပွဲများကျင်းပခြင်း၊ ဘုရားဖူးဧည့်သည်များ လာရောက်ရာ၌ တောင်တက်လမ်းကို အသုံးပြုခြင်းတို့ကို စနစ်တကျထိန်းသိမ်းကာကွယ်မှု မရှိပါက သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများအား ထိခိုက်နှောင့်ယှက်မှု ဖြစ်ပေါ်လာနိုင်ကြောင်းကိုလည်း ကျွန်တော် တင်ပြအပ်ပါတယ်။

သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ ခုနှစ်၊ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများဧရိယာကို နိုင်ငံတော်ဧရိယာရဲ့ (၃၀)ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို ရေရှည်မှာ(၁၀)ရာခိုင်နှုန်းနဲ့ ရေတိုမှာ(၅)ရာခိုင်နှုန်း ဖွဲ့စည်းရန်အတွက် ကျွန်တော်တို့ ရည်မှန်းချက်ထားရှိပြီးတော့ အဆိုပါရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော်ရန်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ခုလုံးမှာ သဘာဝနယ်မြေ (၃၉)ခု၊ ဧရိယာအားဖြင့်(၉၆၀၇၄၁၂.၃၅)ဧက၊ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ (၅.၇၅)ရာခိုင်နှုန်း သတ်မှတ်ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ဂေဟစနစ်နဲ့ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန် အရေးပါတဲ့ နေရာ(၁၀)ခု၊ ဧရိယာအားဖြင့် (၂၂၅၃၀၅၈.၇၃၅)ဧက၊ တစ်နည်းအားဖြင့် နိုင်ငံတော်ဧရိယာရဲ့ (၁.၃၅)ရာခိုင်နှုန်းကို သဘာဝနယ်မြေများအဖြစ် တည်ထောင်ရန်လည်းပဲ ကျွန်တော်တို့ အဆိုပြုထားပါတယ်။ အဆိုပြုဖွဲ့စည်းရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာထားတဲ့ အဆိုပြု သဘာဝနယ်မြေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြုပြီး သတ်မှတ်ပြီးပါက နိုင်ငံတော်အဝန်း သဘာဝနယ်မြေပေါင်း(၄၉)ခု၊ ဧရိယာအားဖြင့်(၁၁၈၆၀၄၇၁.၀၉)၊ တစ်နည်းအားဖြင့် နိုင်ငံတော်ဧရိယာရဲ့ (၇.၁) ရာခိုင်နှုန်း ရှိလာမှာ ဖြစ်ပါတယ်။

ခုနက ကိုယ်စားလှယ်တော်ကြီး၊ ကျွန်တော့်အနေနဲ့ အထူးကြိုဆိုတာက စစ်ကိုင်းတိုင်းမှာ အခုလို ထင်ရှားကျော်ကြားတဲ့ သဘာဝနယ်မြေများကိုလည်းပဲ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ရှာဖွေ

တွေ့ရှိလို့ရှိရင်လည်း ကျွန်တော်တို့ကို ညွှန်ကြားပေးပါရန် ကျွန်တော့်အနေနဲ့ ဒီနေရာကနေတောင်းဆို အပ်ပါတယ်ခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ အဆိုပြု ထားတဲ့ သဘာဝနယ်မြေထပ်မံတိုးချဲ့မှု ဖွဲ့စည်းပြီးသတ်မှတ်ခြင်းများကို ဘဏ္ဍာရေးနှစ်အလိုက် လျာထားချက်များ ရေးဆွဲပြီးတော့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူ ညီချက်နဲ့ အတည်ပြုသတ်မှတ်ရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဇလုံတောင်ဒေသဟာ သစ်တောဥပဒေ ၁၉၉၂ အရ သတ်မှတ်ကာကွယ်ထားတဲ့ နန့်ခါင်ဟူး ကြိုးဝိုင်းတောအတွင်းမှာ ပါဝင်နေတဲ့ ဒေသတစ်ခုဖြစ်တဲ့အတွက်ကြောင့်မို့လို့ သဘာဝအမွေအနှစ်များ၊ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းကာကွယ်ရေးအတွက် သစ်တော နယ်မြေဖြစ်တဲ့ ကြိုးဝိုင်းတောအမျိုးအစားကနေပြီးတော့ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ သတ်မှတ်ဖွဲ့စည်းမယ့် သဘာဝ နယ်မြေအမျိုးအစားတစ်ခုအဖြစ်ကို ပြောင်းလဲပြီးတော့ဖွဲ့စည်း တည်ထောင်နိုင်ရန်အတွက် ယင်းဒေသ မှာရှိကြတဲ့ ဒေသခံပြည်သူများရဲ့ ပူးပေါင်းပါဝင်မှု၊ သဘောထားဆန္ဒ၊ တိုင်းဒေသကြီးရဲ့ သဘောထား ဆန္ဒမှတ်ချက်တို့ကို ရယူပြီးတော့ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သဘာဝ နယ်မြေအဖြစ် ဖွဲ့စည်းတည်ထောင်နိုင်ရန်၊ သတ်မှတ်နိုင်ရန်ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း၊ အတည်ပြုဖွဲ့စည်းနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီးတော့ခွင့်ပြုချက် ရယူခြင်းများကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းမှာ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ရဲ့ နိုင်ငံတော်ပိုင် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော များကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိက သစ်တောစိုက်ခင်းများ၊ တည်ထောင်ခြင်း လုပ်ငန်းကို ယခုအစိုးရ လက်ထက်တွင် ခွင့်ပြု/မပြု သိရှိလိုခြင်းနဲ့ပတ်သက်ပြီး ကျွန်တော် ဖြေကြား သွားပါမယ်။ ကျွန်တော်တို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ သစ်အခြေခံ စက်မှုလုပ်ငန်းများအတွက် လိုအပ်တဲ့ ကုန်ကြမ်းများရရှိရန်၊ ပြည်တွင်းသစ်လုပ်ငန်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးမှုနဲ့အတူ ပြည်ပကို တင်ပို့ရောင်းချနိုင်ရန်နဲ့ ပုဂ္ဂလိက သစ်တောကဏ္ဍ စီးပွားရေး ဖွံ့ဖြိုးလာစေရန်အတွက် ပုဂ္ဂလိက သစ်တောစိုက်ပျိုးခြင်းများကို ဝန်ကြီးဌာနကနေပြီးတော့ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ပုဂ္ဂလိက စိုက်ခင်းဇုန် အတွင်းကျ ရောက်ပြီး သစ်တောအရည်အသွေး အဆင့်အတန်းကျဆင်းတဲ့ Degraded Forest ဖြစ်နေတဲ့ တောနိမ့်၊ တောပျက်၊ တောညံ့နဲ့ဖုန်းဆိုးတောနေမြေနေရာများကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ကျွန်တော်တို့ ခွင့်ပြုလျက်ရှိပါတယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးအသွင်နဲ့ ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ရန်ဖြစ်ပါက ဤဝန်ကြီးဌာနအနေနဲ့ ကျွန်းစိုက်ခင်းများကို ဧက(၅၀၀)အထိ၊ သစ်မာမျိုးစုံ စိုက်ခင်းကိုတော့ ဧက(၁၀၀)အထိ၊ ရော်ဘာနှင့် ဆီအုန်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းများကိုတော့ (၂၀၀) ဧကအထိ လုပ်ထုံး ကျွန်တော်တို့ ဘောင်အတွင်းကနေပြီးတာ့ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနက ခွင့်ပြုနိုင်တဲ့ ပမာဏထက်ကျော်လွန်ပြီးတော့ လျှောက်ထားမှုများနဲ့ သစ်အခြေခံ လုပ်ငန်းများမှ ပြည်ပရင်းနှီးမြှုပ်နှံမှုနဲ့ ပုဂ္ဂလိကတည်ထောင်ခွင့် လျှောက်ထားမှုများ ရှိလာတဲ့အတွက် ကြောင့်မို့လို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကစပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်မှာရှိတဲ့ ကြိုးဝိုင်း၊

ကြိုးပြင်ကာကွယ်တော အတွင်းမှာရှိတဲ့ တောနိမ့်၊ တောပျက်၊ တောညံ့နှင့် ဖုန်းဆိုးတောမြေများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်သစ်တောဦးစီးဌာနများမှ အသေးစိတ်ကွင်းဆင်းပြီးတော့ အမှန်တကယ် တောပျက်နေတဲ့ ဧရိယာနဲ့ စိုက်ခင်းပြန်လည်တည်ထောင်မှသာ သစ်တောပြန်လည် ဖြစ်ထွန်းနိုင်မယ့် ဧရိယာများကို ဧက(၁၀၀၀)နဲ့အထက် လုပ်ကွက်များဖွဲ့စည်းပြီးတော့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီးတော့ အိတ်ဖွင့်တင်ဒါစနစ်နဲ့ သတင်း၊ သတင်းစာ၊ စာစောင်နှင့် မီဒီယာများမှာ ကြိုတင်ကြေညာပြီးတော့ သစ်တောမြေ နှစ်ရှည်ငှားရမ်းခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်ပါတယ်။

ဒီနေရာမှာ ကျွန်တော် ဒီဆောင်ရွက်တဲ့အချက် တင်ဒါ ဘယ်လိုခေါ်တဲ့ (၁၃)ချက်ကိုတော့ ကျွန်တော့်ကို တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော် PowerPoint ပြပါ။ (၁) တင်ဒါလုပ်ငန်း ကြီးကြပ်မှုဗဟိုကော်မတီ၊ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးလုပ်ငန်းကော်မတီ၊ တင်ဒါ စိစစ်ရေးလုပ်ငန်းကော်မတီနှင့် တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း ပထမ ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။ သတင်းစာ၊ စာစောင်နဲ့ မီဒီယာများမှာ လေလံကြိုတင်ပြီးတော့ ကြေညာပါတယ်။ တင်ဒါပုံစံ၊ စည်းကမ်းချက်၊ အဆိုပြုလွှာ ရောင်းချခြင်း၊ လက်ခံခြင်းများကိုလည်း ဆောင်ရွက်ပါတယ်။ တင်ဒါစိစစ်ရေးကော်မတီမှစိစစ်ခြင်း၊ စနစ်တကျ အကဲဖြတ်ခြင်း၊ အမှတ်ပေးခြင်း၊ မေးမြန်းစိစစ်ခြင်း၊ ရမှတ်ကြီးစဉ် ငယ်လိုက်များကိုလည်း ကျွန်တော်တို့ ပြုစုရပါတယ်။ တင်ဒါစိစစ်ရေးကော်မတီကနေပြီးတော့ လုပ်ငန်းရှင်၊ ကုမ္ပဏီများကို ရမှတ်ကြီးစဉ်၊ ဦးစားပေးအဆင့်ရေးဆွဲပြီးတော့ တင်ဒါရွေးချယ်ရေးကော်မတီသို့ တင်ပြရပါတယ်။ တင်ဒါရွေးချယ်ရေးကော်မတီကနေပြီးတော့ ရမှတ်အများဆုံး လုပ်ငန်းရှင်၊ ကုမ္ပဏီများကို လူတွေ့စိစစ်ပါတယ်။ တင်ဒါရွေးချယ်ရေးကော်မတီကနေပြီးတော့ တင်ဒါအောင်မြင်တဲ့ လုပ်ငန်းရှင် ကုမ္ပဏီများကို တင်ဒါလုပ်ငန်း ကြီးကြပ်မှုဗဟိုကော်မတီကို ထပ်မံတင်ပြရပါတယ်။

တင်ဒါလုပ်ငန်း ဗဟိုကြီးကြပ်မှု ကော်မတီမှ ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံခန့်ခွဲမှု ကော်မတီကို ဆက်လက်ပြီးတော့ တင်ပြပါတယ်။ ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံခန့်ခွဲမှုကော်မတီက အတည်ပြုချက်ကို ရွေးချယ်ပါတယ်။ အတည်ပြုပြီးတော့ ရွေးချယ်ပါတယ်။ ဦးစီးရုံးချုပ်ကနေပြီးတော့ စာချုပ်မူကြမ်း ပြုစုပြီးတော့ ခုနက ပြည်ထောင်စုရွေးချယ်ထားတဲ့ တင်ဒါအောင်တဲ့ပုဂ္ဂိုလ်ရဲ့ ပြီးတော့ အဲဒါကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးများကို တင်ပြပြီးတော့ ဒီရုံးဌာန(၃)ခုကနေပြီးတော့ သဘောထား မှတ်ချက်များကို တောင်းခံရပါတယ်။

သက်ဆိုင်ရာ ဌာနများကနေပြီးတော့ သဘောထားမှတ်ချက်အတိုင်း ပြန်လည်ပြင်ဆင်ပြီးတော့ စာချုပ်မူကြမ်းကို ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံခန့်ခွဲမှုကော်မတီမှာ ကျွန်တော်တို့ ထပ်မံတင်ပြပြီးတော့ ဆွေးနွေးကြပါတယ်။ စာချုပ်မူကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက်ပြီးတော့ တင်ပြပါတယ်။ စာချုပ်မူချော ပြုစုပြီးတော့ လုပ်ပိုင်ခွင့်ရရှိတဲ့ လုပ်ငန်းရှင်၊ ကုမ္ပဏီများနဲ့ ဦးစီးရုံးချုပ်ပါ စာချုပ်ချုပ်ပြီးတော့ လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိတဲ့ အစရှိတဲ့ လုပ်ငန်း(၁၃)ချက်ကို ကျွန်တော်တို့ လုပ်ဆောင်ခြင်း ဖြစ်ပါတယ်။ ဒါ ကျွန်တော် တင်ဒါဆွဲယူခြင်းနဲ့ လုပ်ငန်းဆောင်ရွက်ခြင်းကို ကျွန်တော် အကျဉ်းမျှတင်ပြခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဒီဝန်ကြီးဌာနဟာ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလမှာ တိုင်းဒေသကြီး ပြည်နယ်(၈)ခုမှာရှိတဲ့ သစ်တောမြေ(၂၅၅၅၅)ဧကကို ဧက(၁၀၀၀)နှင့်အထက်လုပ်ကွက် (၉၇)ကွက် ဖွဲ့စည်းပြီးတော့ အိတ်ဖွင့်တင်ဒါစနစ်နဲ့ သစ်တောမြေငှားရမ်းခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းရှင်ကုမ္ပဏီ(၂၉)ခုကနေပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်(၆)ခုမှာရှိတဲ့ လုပ်ကွက်(၃၇)ကွက်၊ သစ်တောမြေ(၉၈၆၆၂)ဧကကို ပုဂ္ဂလိက စိုက်ခင်းတည်ထောင်ရန် ငှားရမ်းလိုကြောင်း၊ အဆိုပြုလွှာ (၅၇)စောင်ကို လျှောက်ထားလာပါတယ်။ အဲဒီလို လျှောက်ထားလာမှုအပေါ်မှာ ကျွန်တော် ခုနက တင်ပြခဲ့တဲ့ တင်ဒါစည်းကမ်းချက်များနဲ့အညီ ကော်မတီများက စိစစ်ပြီးတော့ လုပ်ငန်းရှင် ကုမ္ပဏီ (၁၉)ဦးကို လုပ်ကွက်(၃၅)ကွက်၊ သစ်တောမြေ(၈၇၀၇၉)ကို ၂၉-၁-၂၀၁၅ ရက်နေ့မှာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့ ပုဂ္ဂလိက သစ်တောစိုက်ခင်း စိုက်ပျိုးတည်ထောင်ခွင့်ကို ကျွန်တော်တို့ခွင့်ပြုခဲ့ပါတယ်။ အဲဒီလိုအနက် ကုမ္ပဏီ(၂)ခုဟာ မြေနေရာထပ်နေခြင်း၊ စိုက်ခင်းမြေငှားခများကို သတ်မှတ်အချိန်ထိ ပေးသွင်းနိုင်မှုမရှိခြင်းတို့ကြောင့် တင်ဒါအောင်မြင်သူစာရင်းကနေပြီးတော့ ကျွန်တော်တို့ ပယ်ဖျက်ပြီးတော့ ကျန်ရှိတဲ့ လုပ်ငန်းရှင်ကုမ္ပဏီ(၁၅)ဦး၊ လုပ်ကွက်(၃၃)ကွက်နဲ့ မြေ(၈၀၇၄၇)ဧကမှာသာ ပုဂ္ဂလိက သစ်တောစိုက်ခင်းများတည်ထောင်ရန် ကျန်ရှိပါတယ်။

အဲဒီလို အိတ်ဖွင့်တင်ဒါ အောင်မြင်တဲ့ လုပ်ငန်းကုမ္ပဏီ၊ လုပ်ငန်းရှင်ကုမ္ပဏီ(၁၅)ဦးဟာ ကျွန်တော် PowerPoint မှာ တင်ပြတဲ့အတိုင်းပါပဲ ၂၀၁၅-၂၀၁၆ ကနေပြီးတော့ ၂၀၂၃-၂၀၂၄ အထိကို စိုက်ပျိုးမယ့် လုပ်ငန်းစီမံချက်များကို ဆက်လက်တင်ပြရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ မှာ (၄၀၅၀) ဧက၊ ယခုနှစ်၂၀၁၆-၂၀၁၇ မှာ (၁၁၉၅၉)ဧက၊ ၂၀၁၇-၂၀၁၈ မှာ(၁၀၃၆၅)ဧက၊ ၂၀၁၈-၂၀၁၉ မှာဖြင့် (၁၁၁၈၀)ဧက၊ ၂၀၁၉-၂၀၂၀ မှာ (၁၅၇၁၅)ဧက၊ ၂၀၂၀-၂၀၂၁ မှာ (၁၀၉၀၀)ဧက၊ ၂၀၂၁-၂၀၂၂ မှာ (၁၁၁၅၄)ဧက၊ ၂၀၂၂-၂၀၂၃ မှာဖြင့် (၂၆၀၀)ဧက၊ ၂၀၂၃-၂၀၂၄ မှာဖြင့် ဧက(၂၈၂၄) ဧက စုစုပေါင်း စာရင်းအားဖြင့် ချုပ်မယ်ဆိုရင်လို့ရှိရင် (၈၀၇၄၇)ဧကကို စီမံချက်ကာလအတွင်း အပြီးစိုက်ပျိုးသွားရမှာ ဖြစ်ပါတယ်။ စီမံချက်ကနဦးကာလဖြစ်တဲ့ ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ် ၂၀၁၅-၂၀၁၆ မှာတော့ စိုက်ခင်းလုပ်ငန်း စတင်ဆောင်ရွက်ရန် အချိန်နောက်ကျတဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းကုမ္ပဏီ၊ လုပ်ငန်းရှင်ကုမ္ပဏီ(၁၅)ဦးမှ စိုက်ပျိုးရန် လျာထားတဲ့ (၄၀၅၀)ဧကအနက် လုပ်ငန်းရှင်ကုမ္ပဏီ(၇)ဦးက ပုဂ္ဂလိက (၂၆၀၀)ဧကသာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခု ၂၀၁၆ မိုးရာသီမှာတော့ ယခင်ကျန်ခဲ့တဲ့ စိုက်ပျိုးရန်ကျန် (၁၄၅၀)ဧကနဲ့ ၂၀၁၆-၂၀၁၇ မှာ လျာထားတဲ့ (၁၁၉၅၉)ဧက စုစုပေါင်း ပုဂ္ဂလိကစိုက်ခင်း(၁၃၄၀၉)ဧကကို လုပ်ငန်းရှင် ကုမ္ပဏီများက စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အိတ်ဖွင့်တင်ဒါစနစ်အရ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ သစ်တောမြေငှားရမ်းခြင်း (၈၀၇၄၇)ဧက ခွင့်ပြုခဲ့တဲ့နေရာမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ အင်ဒေါင်းကြိုးဝိုင်းမှာ ကျော်သာစိုက်ပျိုးရေးကုမ္ပဏီမှ လုပ်ကွက်(၃)ကွက်နဲ့ ဧကအားဖြင့် (၅၃၀၅)ဧက၊ တမူးမြို့နယ်၊ ကဘော်ကြိုးဝိုင်းမှာ Triple Circle Industry ကနေပြီးတော့ လုပ်ကွက်(၂)ကွက်၊ (၅၂၀၀)ဧကတို့ကို ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ဧက(၅၀၀)၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဧက(၁၇၀၀)၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ဧက(၂၀၅၀)၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ (၂၃၇၅)ဧက၊ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ (၂၇၈၀)ဧကနှင့် ၂၀၂၀-

၂၀၂၁ ခုနှစ်မှာ(၁၁၀၀)ဧကေ စုစုပေါင်း ပုဂ္ဂလိကစိုက်ခင်း(၁၀၅၀၅)ဧကကို စီမံချက်ကာလအတွင်း (၆)နှစ်အတွင်းမှာ သူတို့ အပြီးစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။

ယခု အစိုးရလက်ထက်မှာ ယခု ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ အိတ်ဖွင့်တင်ဒါစနစ်အရ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုနဲ့ ပုဂ္ဂလိကသစ်တောစိုက်ခင်း မြေငှားရမ်းခြင်းအား ဆောင်ရွက်ခြင်း မရှိသေးသော်လည်း ဝန်ကြီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ အတွင်းမှာရှိတဲ့ တောနိမ့်၊ တောပျက်၊ တောညံ့နှင့် ဖုန်းဆိုးမြေနေရာများတွင် သစ်တောများ ပြန်လည်ဖုံးလွှမ်းလာစေရန် နှင့် အဖိုးတန်သစ်မျိုးများ စိုက်ပျိုးပေးခြင်းဖြင့် သစ်တောအဆင့်အတန်း ပြန်လည်မြင့်မားကောင်းမွန် လာစေရန် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများဖြစ်တဲ့ နိုင်ငံပိုင်သစ်တော စိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ ဒေသအစုအဖွဲ့ပိုင် သစ်တော စိုက်ခင်းများ တည်ထောင်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းနှင့် သဘာဝတော ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်စိုက်ပျိုး ဆောင်ရွက်လျက်ရှိအတိုင်းပဲ အခြားတစ်ဖက်မှာလည်းပဲ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနဲ့ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ စိုက်ပျိုးခြင်းများကို ခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်ကိုမေးတဲ့ ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ဆီမှာ ဖြေမယ့်အထဲမှာ ပါတာ မဟုတ်လို့ ဒီမှာ ကျွန်တော် ဖြေကြားရန်အတွက် ဒီကနေပြီးတော့ လွှတ်တော်ကနေပေးတဲ့ စာထဲမှာတော့ မပါပါဘူးခင်ဗျား။ မပါတော့ ကျွန်တော် နောက်တစ်ခါပေါ့လေ၊ မေးမြန်းပြီးတော့မှ ဖြေကြား ခွင့်ပြုပါခင်ဗျား။

နောက်ဆုံးတင်ပြတဲ့ ကျွန်တော်တို့ ဦးကျော်နီနိုင် ရဲ့ ကျောက်မျက်ရတနာ တူးဖော်ရေး ကတော့ နည်းနည်းရှည်လျားတာမို့လို့ ကျွန်တော့် ခွင့်လွှတ်ပေးပါ။ အကြောင်းအရာအားဖြင့်လည်း နည်းနည်းများပြားတဲ့အတွက်ကြောင့်မို့လို့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ ကျောက်မျက်ရတနာတူးဖော်ရေး လုပ်ကွက်များမှာ ကုမ္ပဏီလုပ်ငန်း ရှင်များရင်ဆိုင် တွေ့ကြုံနေရတဲ့ ဥပဒေမဲ့ အုပ်စုဖွဲ့ ကျူးကျော်ဝင်ရောက်ခြင်း ရှာဖွေတဲ့ ရေမဆေး ရှာဖွေသူများနဲ့ ပတ်သက်ပြီးတော့ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

၁၉၉၅ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပြဋ္ဌာန်းခဲ့တဲ့ အချိန်ကစပြီးတော့ ကျောက်မျက်ရတနာကုမ္ပဏီများကို တည်ထောင်ခွင့်ပြုပြီးတော့ တိုင်းရင်းသားလုပ်ငန်းရှင်များကို ကျောက်မျက်ရတနာများကို စတင်တူးဖော်ခွင့်ပြုခဲ့ပါတယ်။ အဲဒီအချိန်က စတင်ပြီးတော့ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ ကျောက်စိမ်းရိုင်းများ တူးဖော်ခြင်းလုပ်ငန်းကို အရွယ်အစားကြီးမားတဲ့ ကျောက်ဖောက်စက်၊ မြေကော်စက်နှင့် မြေတူးစက်စတဲ့ စက်ယန္တရားများကို အသုံးပြုပြီးတော့ ဟင်းလင်းဖွင့်စနစ်ကို စတင်ပြီး တူးဖော်ခဲ့ကြပါတယ်။ Openness စနစ် ဖြစ်ပါတယ်။ တူးဖော်ရရှိတဲ့ မြေစာများကို စက်ယန္တရားများ အသုံးပြုပြီးတော့ စွန့်ပစ်ကြပါတယ်။ စွန့်ပစ်မြေစာများမှာ ရောနှော ပါရှိသွားတဲ့ ကျောက်စိမ်းရိုင်းအချို့ကို ရှာဖွေတွေ့ရှိပြီး ကောက်ယူရောင်းချကြရာမှ စွန့်ပစ်မြေစာပါ ကျောက်စိမ်းရိုင်းများကို ရှာဖွေတဲ့ လူအုပ်စုတစ်ရပ် ပေါ်ပေါက်လာပါတယ်။ တွေ့ရှိတဲ့ ကျောက်စိမ်းရိုင်း များကို ရေမဆေးမီ ရောင်းချတဲ့အတွက် စွန့်ပစ်မြေစာပါ ကျောက်စိမ်းရိုင်းများ တရားမဝင်ရှာဖွေသူ များကို ရေမဆေးများအဖြစ် အမည်တွင်လာခဲ့ပါတယ်။

ကျောက်စိမ်းရိုင်း တရားမဝင် ရှာဖွေသူများကို ရေမဆေးများအဖြစ်သော်လည်းကောင်း၊ ရှာဖွေရရှိတဲ့ တရားမဝင်ကျောက်စိမ်းရိုင်းများကို ရေမဆေးကျောက်အဖြစ်သော်လည်းကောင်း ခေါ်ဆို ခဲ့ကြပါတယ်။ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ ရေမဆေးကျောက် ရှာဖွေခြင်းကို မူလကဒေသခံ များကသာ ဆောင်ရွက်ခဲ့ပါတယ်။ မိုးရာသီကျောက်စိမ်း တူးဖော်သည့်လုပ်ငန်းများ ရပ်နားကြပြီး ကုမ္ပဏီက ခန့်အပ်ထားတဲ့ လုပ်သားများကို နေရပ်သို့ ပြန်လည်စေလွှတ်ကြရမှ အချို့လုပ်သားများဟာ နေရပ်သို့ ပြန်ခြင်းမရှိဘဲ ရတနာနယ်မြေအတွင်းမှာ ရေမဆေးများအဖြစ် နေထိုင်ပြီးတော့ တရားမဝင် ကျောက်စိမ်းရိုင်းများကို ရှာဖွေကြခြင်းဖြင့် အင်အားတိုးပွားလာကြောင်း တွေ့ရပါတယ်။

လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ နယ်မြေတည်ငြိမ်မှုမရှိခြင်းကြောင့် ၂၀၁၂ ခုနှစ်၊ မေလ ကုန်မှစတင်ပြီး ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ ရပ်နားခဲ့ပါတယ်။ ရပ်နားချိန် မိုးရာသီမှာ ရှာဖွေရန်အတွက် ကုမ္ပဏီများက စုပုံထားတဲ့ ကျောက်ကြောပါ မြေစာပါ ကျောက်စိမ်းရိုင်းများကို အလွယ်တကူရှာဖွေနိုင်ခြင်း၊ ကျောက်ကြောရောက်တဲ့အထိ တူးဖော်ထားပြီးတဲ့ လုပ်ကွက်များမှာ တာဝန်ရှိသူများကို ငွေကြေးပေးပြီးတော့ အလွယ်တကူ ကျောက်စိမ်းရိုင်းများ တူးဖော်ရရှိနိုင်ခြင်းနဲ့ ကျောက်စိမ်းရိုင်းများကို သိုလှောင်ထားတဲ့ ဂိုဒေါင်များမှာ လုယက်ကြခြင်းစတဲ့ အကြောင်းရင်းများကြောင့် လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ ဒီကျောက်စိမ်းများကို ရှာဖွေတဲ့ ဒီအင်အားစုဟာ တဖြည်းဖြည်းနဲ့ တိုးပွားလာပါတယ်။

ကေအိုင်အေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးရယူထားစဥ် ကာလအတွင်းက ရေမဆေးများဟာ ကုမ္ပဏီများက စွန့်ပစ်တဲ့ မြေစာပုံများတွင်သာ ကျောက်စိမ်းရိုင်း ရှာဖွေခြင်းကို ဆောင်ရွက်ကြပေမယ့် ငြိမ်းချမ်းရေးပျက်ပြားပြီး နယ်မြေတည်ငြိမ်မှုမရှိတဲ့ အခြေအနေများကြောင့် ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းဟာ ယာယီရပ်ထားစဥ်ကာလအတွင်း ကုမ္ပဏီ များက စွန့်ပစ်မြေစာမရှိတော့ပါဘူး။ ဒီရေမဆေးများဟာ စွန့်ပစ်မြေစာပုံများမှာ ကျောက်စိမ်းရိုင်း ရှာဖွေခြင်းကို ဆောင်ရွက်နိုင်မှု မရှိတဲ့အတွက်ကြောင့်မိုလို့ ကျွန်တော်တို့ ဥပဒေမဲ့ လုပ်ကိုင်လာကြ ပါတယ်။

အဲဒီလို ဥပဒေမဲ့လုပ်ကိုင်လာတဲ့ အကြောင်းအရာများကို တင်ပြရမယ်ဆိုလို့ရှိရင် (၁) လူအုပ်စုနဲ့ ကုမ္ပဏီလုပ်ကွက်ဧရိယာအတွင်းမှာရှိတဲ့ ကျောက်စိမ်းရိုင်း သိုလှောင်ဂိုဒေါင်ရုံများကို ဝင်ရောက် ဖျက်ဆီးလုယက်ခြင်း၊ စက်ယန္တရားယာဥ်များကို ဖျက်ဆီးခြင်း၊ စက်သုံးဆီလှောင်ကန်၊ ဆီလှောင်ကန်များကို ဖျက်ဆီးပြီး စက်သုံးဆီများ လုယက်ယူဆောင်ခြင်း၊ အဆောက်အအုံများနဲ့ ပရိဘောဂများကို ဖျက်ဆီးခြင်း၊ လုပ်ကွက်များအတွင်း တရားမဝင် ဝင်ရောက်ပြီးတော့ ဥပဒေမဲ့ ကျောက်စိမ်းရိုင်းများရှာဖွေခြင်း၊ လုပ်ကွက်များအတွင်း တရားမဝင် ဥပဒေမဲ့ ကျူးကျော်နေထိုင်ခြင်း၊ မြေစာပုံများအနီးမှာ တရားမဝင် ဥပဒေမဲ့ ကျူးကျော်နေထိုင်ခြင်း စသည်တို့ကို ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ နယ်မြေ တည်ငြိမ်ပြီးတော့ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို ကျွန်တော်တို့ ၂၀၁၄ ခုနှစ်မှာ စက်တင်ဘာလ ၁ ရက်နေ့မှာ ပြန်လည်ပြီးတော့ စတင်တူးဖော်ပါတယ်။

အဲဒီလို တူးဖော်တဲ့အခါမှာ ကုမ္ပဏီများအနေနဲ့ ကုမ္ပဏီများကို နှောင့်ယှက်တဲ့ လုပ်ငန်း တွေကတော့ ကုမ္ပဏီက ခွင့်ပြုမိန့်ရတဲ့ လုပ်ကွက်အတွင်းမှာ ယမ်းဖောက်ခွဲမှု မြေဖွထားပြီးအချိန်

ကုမ္ပဏီရဲ့ စက်ယန္တရားများ လှုပ်ရှား နေစဉ်မှာပင် ကျောက်စိမ်းရိုင်းများကို ဝင်ရောက်ရှာဖွေခြင်း၊ ကုမ္ပဏီက မိုးရာသီအတွင်း ရှာဖွေရန် ရည်ရွယ်ပြီး ဧရိယာတစ်ခုအတွင်းမှာ စုပုံထားတဲ့ ကျောက်စိမ်းရိုင်းများပါ မြေစာပုံများကို အင်အား သုံးပြီးတော့ ဝင်ရောက်ရှာဖွေခြင်း၊ လုပ်ကွက်များအတွင်း တရားမဝင် ဝင်ရောက်ပြီးတော့ ဥပဒေမဲ့ ကျောက်စိမ်းရိုင်းများ တူးဖော်ခြင်း၊ လုပ်ကွက်များအတွင်းနဲ့ မြေစာပုံအနီးမှာ တရားမဝင် ဥပဒေမဲ့ ကျူးကျော်နေထိုင်ခြင်း၊ ရပ်ကွက်ကျေးရွာမှ ဆန့်ကျင်ဘက်အမြင်ရှိသူများရဲ့ ဦးဆောင်မှုရဲ့ နောက်မှာ နိုင်ငံရေးအမြတ်ထုတ်သူများရဲ့ ရောထွေးပြီးတော့ ဆန္ဒပြခြင်း၊ မြေစာပစ်လမ်းများကို ပိတ်ဆို့ခြင်းများကို ပြုလုပ်တာကို တွေ့ရှိရပါတယ်။

ဒီရေမဆေးများဟာ ကျူးကျော်တူးဖော်ခြင်း၊ ကျူးကျော်ပြီး ကျောက်စိမ်းရိုင်းရှာဖွေခြင်းများကို ဆောင်ရွက်တဲ့အတွက်ကြောင့်မို့လို့ ကျောက်စိမ်းတူးဖော်နေတဲ့ တရားဝင်တူးဖော်နေတဲ့ ကုမ္ပဏီများအနေနဲ့ ရင်ဆိုင်ရတာတွေကတော့ ကုမ္ပဏီက ခွင့်ပြုမိန့်ရတဲ့ လုပ်ကွက်အတွင်းမှာ ယမ်းဖောက်ခွဲမြေဖွထားပြီး ကျောက်စိမ်းရိုင်းများရှာဖွေချိန်မှာ ကုမ္ပဏီရဲ့စက်ယန္တရားများနဲ့အတူ ကျောက်စိမ်းရိုင်းများကို ဝင်ရောက်ပြီးတော့ ရှာဖွေတဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေခြင်း၊ နိုင်ငံတော်နဲ့ ကုမ္ပဏီအတွက် ကျောက်စိမ်းရိုင်းများ ဆုံးရှုံးခြင်း၊ ကုမ္ပဏီက မိုးရာသီကာလအတွင်းမှာ ရှာဖွေရန် ရည်ရွယ်ပြီးတော့ ဧရိယာတစ်ခုအတွင်းမှာ စုပုံထားတဲ့ ကျောက်စိမ်းရိုင်းများပါ မြေစာပုံကို အင်အားသုံးပြီးတော့ ဝင်ရောက်ရှာဖွေတဲ့ အတွက်ကြောင့်မို့လို့ နိုင်ငံတော်နဲ့ ကုမ္ပဏီအတွက် ကျောက်စိမ်းရိုင်းများ ဆုံးရှုံးခြင်း၊ ကုမ္ပဏီများက သတ်မှတ်ချက်များနဲ့အညီ အဆိုပြုငွေများ ပေးသွင်းပြီးတော့ လုပ်ကိုင်ခွင့်ရထားတဲ့ လုပ်ကွက်များအတွင်းမှာ ဒီရေမဆေးများက တရားမဝင် ဝင်ရောက်ကာ ဥပဒေမဲ့ ကျောက်စိမ်းရိုင်းများ တူးဖော်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်နဲ့ ကုမ္ပဏီအတွက် ကျောက်စိမ်းရိုင်းများ ဆုံးရှုံးခြင်း၊ တရားဝင်လုပ်ကိုင်ခွင့် ရရှိထားတဲ့ လုပ်ကွက်များအတွင်း တရားမဝင် ဥပဒေမဲ့ ကျူးကျော်နေထိုင်တဲ့အတွက်ကြောင့်မို့လို့ မတန်တဆ တောင်းခံလာတဲ့ ငွေကြေးများကို ကုမ္ပဏီများက ပေးရပြီးတော့ ပြန်လည်ရှင်းလင်း ဖယ်ရှားရေးအတွက် ဆောင်ရွက်ရတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်နဲ့ ကုမ္ပဏီမှာ မလိုလားအပ်ပဲနဲ့ ငွေကြေးဆုံးရှုံးရခြင်းနဲ့ အချိန်ကာလဆုံးရှုံးရခြင်းများကို တွေ့ရပါတယ်ခင်ဗျား။

ဒီကိစ္စများကို ထိန်းသိမ်းရန်အတွက် လောလောဆယ် ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်ရန်အတွက်ကတော့ စွန့်ပစ်မြေစာပုံများတွင်သာ ရေမဆေးများက အန္တရာယ်ကင်းရှင်းစွာနဲ့ ကျောက်စိမ်းရိုင်းများ ရှာဖွေရန် ဝန်ကြီးဌာနက အခြားဆက်စပ်တဲ့ဌာနများနဲ့ ညှိနှိုင်းပေးခြင်း၊ ဒီရေမဆေးများက ကျောက်စိမ်းကုမ္ပဏီများရဲ့ လုပ်ပိုင်ခွင့်ရ တရားဝင်လုပ်ကွက်များအတွင်း ကျောက်စိမ်းရိုင်းများ ဝင်ရောက်ရှာဖွေမှု၊ ကျူးကျော်တူးဖော်မှု၊ ကျူးကျော်နေထိုင်မှု၊ အင်အား အလုံးအရင်းနဲ့ သုံးပြီးတော့ ကျွန်တော်တို့ အုပ်စုဖွဲ့ပြီး လုယက်မှု၊ နှောင့်ယှက်မှုများ မရှိစေရေးအတွက် တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ကာကွယ်တားဆီးခြင်းတို့ကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ရေမဆေးများကို ထိန်းချုပ်ဖယ်ရှားနိုင်ရေးအတွက် ဆက်လက်ပြီးတော့ စဉ်ဆက်မပြတ်ဆောင်ရွက်ရမယ့် အဓိကလုပ်ငန်း(၂)ခုကို ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ပြည်နယ်အစိုးရတို့က တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နဲ့ ညှိနှိုင်းပြီးတော့ ဟန်ချက်ညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပထမဆောင်ရွက်ရမယ့်လုပ်ငန်းကတော့ (က)ဒေသအတွင်းသို့ ကျောက်စိမ်း ကုမ္ပဏီဝန်ထမ်းများမှအပ

ပျံကျလုပ်သားများ ဝင်ရောက်ခြင်းကို ခွင့်မပြုဖို့ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရမယ်ဆိုရင် (၁) ကျောက်စိမ်းလုပ်ကွက်များအတွင်း အုပ်စုဖွဲ့ပြီး တရားမဝင် ကျောက်စိမ်းရှာဖွေသူများကို ဖမ်းဆီးရမိတဲ့အတွက် ပညာပေးပြီးတော့ သတိပေးခံဝန်ချက်များ ရေးထိုးစေပြီး ၎င်းတို့နေရာများကို ပြန်လည်စေလွှတ်ခဲ့ပါတယ်။ စာရင်းဇယားများအရ ၂၀၁၃ ခုနှစ်မှာ (၇၉၈)ဦး၊ ၂၀၁၄ ခုနှစ်မှာ (၃၅၂၆)ဦး၊ ၂၀၁၅ ခုနှစ်မှာ နိုဝင်ဘာလအထိကတော့ (၃၁၉)ဦး၊ အားလုံး(၄၆၄၃)ဦး ကိုတော့ ကျွန်တော်တို့ ပြန်လည်စေလွှတ်ခဲ့ပါတယ်။ (၂) နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့သော်လည်း ဒေသအတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်းကို စနစ်တကျ တားဆီးနိုင်ခြင်းမရှိနိုင်တဲ့အတွက် ရေမဆေးအင်အား လျော့ပါးခြင်းမရှိတာကို ကျွန်တော်တွေ့ရှိရပါတယ်။

ဒါကြောင့် ရတနာနယ်မြေအတွင်း ဝင်ရောက်နိုင်တဲ့လမ်းကြောင်းများမှာ ပျံကျရွှေ့ပြောင်းလုပ်သားများ ဝင်ရောက်မှုမရှိစေရန် ကျွန်တော်တို့ တားဆီးပိတ်ပင်သွားရမှာဖြစ်ပါတယ်။ (၃) ဒေသအတွင်းမှာရှိတဲ့ ဒေသခံများနဲ့ ကျောက်စိမ်းကုမ္ပဏီဝန်ထမ်းများကိုသာ မှတ်ပုံတင်ပြီး စနစ်တကျ ဝင်ခွင့်ပြုခြင်းနဲ့ နေထိုင်ခွင့်ပေးခြင်းတို့ကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ (၄) တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေသူများဟာ ၎င်းတို့ရဲ့ စားဝတ်နေရေးအတွက် အခြားရပ်ဝေး ဒေသကနေပြီးတော့ ရတနာနယ်မြေအတွင်းသို့ လာရောက်ပြီး တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေခြင်းကို လုပ်ကိုင်ကြတဲ့အတွက် ဒေသအဆင့်ဖြင့် ဖယ်ရှားပေးရန် လုပ်ငန်းများဆောင်ရွက်သော်လည်း ပြန်လည်ဝင်ရောက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခြားဒေသများမှ ဥပဒေဘောင်အတွင်း လုပ်ကိုင်နိုင်မယ့် အလုပ်အကိုင်အခွင့်အရေးများ ရရှိစေရန် ဖန်တီးပေးခြင်းကိုလည်း နိုင်ငံတော်အဆင့်အနေနဲ့ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

(ခ) ကတော့ ဒုတိယအချက်ကတော့ ဒေသအတွင်းမှာရှိတဲ့ ဒီရေမဆေးများကို ထိန်းချုပ်ရှင်းလင်းဖယ်ရှားခြင်းနဲ့ အခြားဒေသက လာရောက်သူများကို ၎င်းတို့နေရပ်ကို ပြန်ပို့ခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဆောင်ရွက်နိုင်မယ့်အချက်များကတော့(၁) နယ်မြေစိုးမိုးရေးအဖွဲ့များနဲ့ အုပ်ချုပ်ရေးဌာနများက ဆောင်ရွက်ခြင်း၊ ပျံကျကျူးကျော်လာသူများအား တားဆီးထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးဟောပြောခြင်း၊ သက်ဆိုင်ရာကုမ္ပဏီ ကျောက်မျက်ဌာနများက အမှုဖွင့် ဖယ်ရှားရှင်းလင်းပေးခြင်း၊တားဆီးမိန့်ထုတ်ပြန်ခြင်းနဲ့ ဖမ်းဆီးအရေးယူခြင်းများကို ညှိနှိုင်းပေါင်းစပ်ပြီးတော့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။(၂) သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက အခြားလုပ်ငန်း ဆက်စပ်ဌာနများနဲ့ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ တားဆီးထိန်းချုပ်နိုင်ဖို့အတွက် ဝန်ကြီးဌာနက အခြားလုပ်ငန်းဌာနများနဲ့ ကျွန်တော်တို့ ပေါင်းစည်းပြီးတော့ ဆက်စပ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်သွားရမယ့် လုပ်ငန်းများကို ကျွန်တော်တင်ပြရမယ်ဆိုလို့ရှိရင်တော့ (၁) တရားမဝင် ကျောက်စိမ်းများ ရှာဖွေခြင်းဟာ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်မရဘဲ လုပ်ကိုင်ခြင်းနဲ့ ကျောက်မျက်ရတနာအရိုင်းများကို တရားမဝင် လက်ဝယ်ထားခြင်း၊ သယ်ပို့ခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ကျူးလွန်တဲ့အတွက်ကြောင့်မို့လို့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၄၁၊ ၄၂ တွေနဲ့ ငြိစွန်းပါတယ်။ အဲဒီ ငြိစွန်းမှုအရ ထောင်ဒဏ် အနည်းဆုံး(၃)နှစ်မှ အများဆုံး(၇)နှစ်အထိ ချမှတ်နိုင်ကြောင်းကို သိသာရန်အတွက် ကျွန်တော် ပညာပေးရပါတယ်။ (၂)

ကျူးကျော်မှုများရှိလာလို့ရှိရင်လည်းပဲ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၄၁၊ ၄၂ နဲ့အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော် ဒီနေရာမှာ ကျွန်တော်ခုနတင်ပြတဲ့ ပုဒ်မ ၄၁၊ ၄၂ ကို အနည်းငယ်သိသာအောင် ကျွန်တော် ရှင်းလင်းတင်ပြပါမယ်ခင်ဗျား။ ပုဒ်မ ၄၁ မှာ ပြဋ္ဌာန်းထားတာကတော့ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး(၃)နှစ်မှ အများဆုံး(၇)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါသည်။ (က) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်မရဘဲ လုပ်ကိုင်ခြင်း၊(ခ) ကျောက်မျက်ရတနာ အရိုင်းများကို ခွင့်ပြုချက်မရှိဘဲ ရှာဖွေခြင်း သို့မဟုတ် စမ်းသပ်တိုင်းတာခြင်း၊ ဥပဒေပုဒ်မ ၄၂ မှာ ပြဋ္ဌာန်းထားတာကတော့ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး(၁)နှစ်မှ အများဆုံး (၃)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ပါကြောင်း ဖော်ပြထားပါတယ်။ အဲဒီနေရာမှာ (က) ကျောက်မျက်ရတနာ အရိုင်းကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက် များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ရယူခြင်း၊ လွှဲပြောင်းခြင်း၊ (ခ) ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ လိုင်စင်မရှိဘဲ ဆိုင်ခန်းဖွင့်၍ ရောင်းချခြင်းတို့ ဖြစ်ပါတယ်။

ဆက်လက်တင်ပြရမှာတော့ ကျွန်တော်တို့ ၁-၁-၂၀၁၅ ကနေပြီးတော့ ၂၅-၆-၂၀၁၆ ရက် ကာလ အတွင်းမှာ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှာ လုပ်ကွက်အတွင်းကို ကျူးကျော်ဝင်ရောက်တဲ့ အကြိမ် ပေါင်းဟာဖြင့် (၄၀)ကြိမ်နဲ့ ကျူးကျော်တဲမျာ းဝင်ရောက်ဆောက်လုပ်ရန် မြေနေရာဦးမှုက (၁၅)ကြိမ်ကို ကျူးလွန်ဖြစ်ပွားခဲ့ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေနဲ့ ဒီလုပ်ကွက်များ အတွင်းကို ကျောက်စိမ်းရိုင်းများရှာဖွေခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းနဲ့ ဖျက်ဆီးခြင်း၊ လုယက်ခြင်း များကို တားဆီးရန်အတွက် သက်ဆိုင်ရာဌာနများကနေ အကြောင်းကြားပါတယ်။ အဲဒီအကြောင်းကြားတဲ့ အရေအတွက်ကို ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင် ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို ကျွန်တော်တို့ (၄၄)ကြိမ် တင်ပြခဲ့ပါတယ်။ နယ်မြေလုံခြုံရေးနဲ့ စိုးမိုးရေး တာဝန်ယူရတဲ့ တပ်မတော်၊ တပ်မဌာနချုပ်ကို (၄၅)ကြိမ်တင်ပြခဲ့ပါတယ်။ နယ်မြေလုံခြုံရေး မြန်မာနိုင်ငံရဲကွပ်ကဲမှု အဖွဲ့ကို (၄၇)ကြိမ်တင်ပြခဲ့ပါတယ်။ ကချင်ပြည်နယ်အစိုးရကို (၅)ကြိမ် တင်ပြပြီး ဖြစ်ပါတယ်။

ဖားကန့်ဒေသမှာ ကျွန်တော်တို့ ပံ့ကျများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် ဦးစွာ ဆောင်ရွက်ရမယ့် လုပ်ငန်းကတော့ တရားဥပဒေစိုးမိုးရေးရရှိရန် ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးပြီး အုပ်ချုပ်မှုအာဏာသက်ရောက်မှသာ ကျွန်တော်တို့ ဒီလို နှောင့်ယှက်ခြင်းများကို ကာကွယ်နိုင်ပြီးတော့ ကုမ္ပဏီများက မိမိတို့ တရားဝင်လုပ်ကိုင်ခွင့်ရ ကျောက်စိမ်းလုပ်ကွက်များကို ဥပဒေနဲ့အညီ စနစ်တကျ တူးဖော်နိုင်မှာဖြစ်ပါတယ်။ ဒေသအတွင်း တရားဥပဒေစိုးမိုးမှုရရှိရန်အတွက် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များက နယ်မြေစိုးမိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့က အုပ်ချုပ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွား ရမယ့်အပြင် ကျောက်စိမ်းတူးဖော်ခွင့်ရရှိတဲ့ကုမ္ပဏီများ၊ ဒေသခံအုပ်ချုပ်ရေးများနဲ့ ပြည်သူများက

လည်းပဲ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုနည်းပါးလို့ အခွင့်ကောင်းကိုယူပြီး အင်အားတိုးပွားလာခြင်းကို ထိန်းချုပ်ဖယ်ရှားနိုင်ရန်အတွက် အကောင်အထည်ဖော်ရမယ့် လုပ်ငန်းကတော့ ဒေသအဆင့်ဆင့် အာဏာပိုင်အဖွဲ့နဲ့ နိုင်ငံတော်အဆင့်ကနေပြီးတော့ ကျွန်တော်တို့ အရေးယူဆောင်ရွက်သွားမှသာလျှင် ကျွန်တော်တို့ ဒီဆက်လက်ပြီးတော့ စဉ်ဆက်မပြတ် လုပ်ငန်းများကို ကျွန်တော်တို့ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တူးဖော်ရာဒေသများမှာ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဒုစရိုက်လုပ်ငန်းများမရှိစေရေး၊ မှုခင်းများဖြစ်ပွားမှုမရှိစေရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်မှုအဖွဲ့များ၊ ကုမ္ပဏီတာဝန်ရှိသူများနဲ့ပူးပေါင်းပြီးတော့ လှည့်ကင်းများ ဆောင်ရွက်ခြင်း၊ မှုခင်းအသိပညာပေးများ ပြုလုပ်ခဲ့ကြောင်း၊ ဖားကန့်ဒေသမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဝင်ရောက်လှုပ်ရှားမှုအပေါ် အကြောင်းပြုပြီးတော့ ဒေသခံ ကျောက်ရှာဖွေသူများအချို့ကို အသုံးချပြီး ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ခြင်း၊ ရှာဖွေသူအချို့ကို လက်နက်ကိုင်အဖွဲ့များက နောက်ကနေပြီးတော့ အကာအကွယ်ပေးခြင်း၊ ပျံကျကျောက်ရှာဖွေသူများက အတင့်ရဲပြီးတော့ ဥပဒေမဲ့ လုပ်ဆောင်မှုများပိုမိုလုပ်ဆောင်လာခြင်း၊ ပိုမိုလုပ်ဆောင်လာတာကို ကျွန်တော်တွေ့ရပါတယ်။ အဲဒါကြောင့်မို့လို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပိုမိုတိုးမြှင့်ပြီးတော့ တပ်မတော်စစ်ကြောင်းနဲ့ ပူးပေါင်းပြီး နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အလေးထား ပြုလုပ်ဆောင်ရွက်ခဲ့ပါကြောင်းကိုလည်း ပြည်ထဲရေးဌာနကနေပြီးတော့ ဖြေကြားထားပြီးဖြစ်ပါတယ်။

ကချင်ပြည်နယ်အစိုးရအနေနဲ့ လုပ်ကိုင်ခွင့်ရ ကုမ္ပဏီများကို စည်းကမ်းချက်များပါ မိမိရဲ့လုပ်ကွက်ဧရိယာများကို ခြံစည်းရိုးများ ကာရံမည်ဆိုပါက တရားမဝင် ရေမဆေးရှာဖွေသူများ လုပ်ကွက်ဧရိယာအတွင်း အလွယ်တကူ ကျူးကျော်ဝင်ရောက်နိုင်ခြင်းမှ အဟန့်အတားဖြစ်စေနိုင်မှာဖြစ်ပါကြောင်း၊ ဖားကန့်ဒေသမှာ ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများ စနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်နိုင်ရန်အတွက် ရွှေတန်းအမှတ်(၇)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ရွှေတန်းအမှတ်(၇) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူးတို့နဲ့ ညှိနှိုင်းပြီးတော့ လုံခြုံရေးကော်မတီ၊ မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီများ ညှိနှိုင်းပြီးတော့ အုပ်ချုပ်မှုရှုထောင့်ကနေပြီးတော့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းများ ရှုထောင့်မှသော်လည်းကောင်း၊ ဒေသခံများနဲ့ အနယ်နယ်အရပ်ရပ်မှ လာရောက်စီးပွားရှာကြတဲ့လူများကို အလုပ်အကိုင်အခွင့်အရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရှုထောင့်မှသော်လည်းကောင်း၊ ရှုထောင့်အဖုံဖုံမှနေပြီး ကျွန်တော်တို့ ကြည့်ပြီးတော့ မြန်မာ့ကျောက်ရတနာဥပဒေကို ကျွန်တော်တို့ ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေအရသော်လည်းကောင်း၊ အထက်အဆင့်ဆင့်ရဲ့လမ်းညွှန်မှုခံယူပြီးတော့ စီစဉ်ဆောင်ရွက်သွားမယ်ဖြစ်ပါက ကျောက်မျက်ရတနာ တူးဖော်မှုလုပ်ငန်းများမှာ ကုမ္ပဏီများ ကျွန်တော်တို့ အခုရင်ဆိုင်တွေ့ကြုံနေရတဲ့ ဥပဒေမဲ့ အုပ်စုဖွဲ့ ကျူးကျော်ဝင်ရောက်ရှာဖွေတဲ့သူများနဲ့ ပတ်သက်ပြီးတော့ ဖြေရှင်းနိုင်မှာ ဖြစ်ကြောင်းကို ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

ခုနက ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့လည်း ကုမ္ပဏီများကို မိမိတို့ရဲ့ သတ်မှတ်လုပ်ကွက်ဧရိယာအတွင်းမှာ ဒါကတော့ ကျွန်တော် ခန့်ခွဲအတွက်ပါ။ မိမိတို့ရဲ့ သတ်မှတ်

လုပ်ကွက်ဧရိယာအတွင်းမှာသာ တူးဖော်ဆောင်ရွက်စေရန်နဲ့ သတ်မှတ်လုပ်ကွက် ဧရိယာအတွင်းကို ကျူးကျော်ဝင်ရောက်လာသူတွေကို ဥပဒေနဲ့အညီ တားဆီးပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကိစ္စနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းကိုလည်း ကျွန်တော် ပြောကြားလိုပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျောက်စိမ်းကုမ္ပဏီ များရဲ့ လုပ်ပိုင်ခွင့်များကို တရားမဝင်လုပ်ကွက်အတွင်းကို ကျောက်စိမ်းများ ဝင်ရောက်ရှာဖွေခြင်း၊ ကျူးကျော်တူးဖော်ခြင်း၊ ကျူးကျော်နေထိုင်ခြင်း၊ အင်အားအလုံးအရင်းဖြင့် အုပ်စုဖွဲ့လုယက်ခြင်း နှောင့်ယှက်မှုများဟာ ဥပဒေမဲ့အလုပ်များဖြစ်ကြပြီးတော့ ယင်းတို့ကို ဆက်လက်ဆောင်ရွက်မှု မရှိစေရေးနဲ့ ဒေသအတွင်းမှာ ရှင်းလင်းဖယ်ရှားရေးအတွက် ထိန်းသိမ်းစီမံအုပ်ချုပ်ဖို့အတွက် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ပြည်နယ်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၁၆ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၁း၂၈ နာရီအချိန်တွင် ရပ်နားပါသည်။]